www.burmeseclassic.com

# ကံချွန်

## လတ်လတ်ဆတ်ဆတ် ဟာသများ

BURMESE CLASSIC .com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၄၀၁၄၆၁၀၆၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၁၀၅၉၁၂၀၇

ကွန်ပျူတာစာစီ
ဘဲကလေးကွန်ပျူတာ

ထုတ်ဝေသည့်ကာလ
၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ၊

စောင်ရေ
၁၀၀၀

အတွင်းဖလင်
အောင်ဇော် "ပုံရိပ်ရှင်"

မျက်နှာဖုံးနှင့်အတွင်းသရုပ်ဖော်
ကံချွန်

စာအုပ်ချုပ်
ကိုမြင့်

အတွင်းနှင့် မျက်နှာဖုံးပုံနှိပ်
ဦးတင်မောင်ဝင်း(၀၅၉၆၄)၊ သင့်လှဲဝင်းပုံနှိပ်တိုက်
အမှတ်-၁၊ ဗိုလ်ရာညွန့်လမ်း၊ ဝေယာမင်းကြီးရပ်ကွက်
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဦးကံချွန် (ကံချွန်စာပေတိုက်-၈၇၂)
အမှတ်-၈/ခ-၄၄၊ အမှတ်(၄)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊
သီးရိုမြို့သစ်၊ မန္တလေး။

တန်ဖိုး
၁၀၀၀ိ/-

BURMESE CLASSIC .com

# လတ်လတ်ဆတ်ဆတ်ဟာသများ




www.burmeseclassic.com

www.burmeseclassic.com



## ယခင်နှင့် ယခု

အဖေ　တို့တုန်းက သုံးနှစ် သုံးမိုး ချစ်ပြီးမှအိမ်ထောင်ပြုတာကွ။

သား　သားတို့ခေတ်က ငါးနှစ် ငါးမိုးလေ။

အဖေ　ဘာ ငါးနှစ်ငါးမိုးလဲ။ ခုမြင်ခုချစ်တွေ။

သား　အရေအတွက်ပဲ ကွာတာပါဖေဖေ။ ငါးနှစ် ငါးမိုးချစ်ပြီးမှ အိမ်ထောင်ပြုကြတာပါ။



## စိတ်ညစ်တယ်

"အချစ်ကိုငွေကြေးနဲ့တိုင်း တာလို့ရသလား"

"အချစ်ဟာ အချစ်ပဲ။ ဆင်းရဲတာ ချမ်းသာတာနဲ့ မဆိုင်ဘူး"

"ဝါ့ယောက္ခမလောင်းကြီး က အဲဒါကို သဘောမပေါက်ဘူးကွာ။ သူ့သမီးကိုချစ်တာ ငွေမက်လို့ ထင်နေတယ်"





## မှားနိုင်တာပေါ့

"မင်းတို့ ခေတ်လူငယ်တွေများ တော်တော်ခက်တယ်။ လူကြီးမိဘက ပြောရင် နားမထောင်ချင်ကြဘူး။ ရည်းစားဆို ခေါင်းညိတ်ကြမှာ"

"ချစ်သူက ငယ်သေးတယ်လေ"



## ရေမီး အပြည့်အစုံ

"တူမောင် ... လာပါဦး၊ မင်းက ငါ့သမီးကို ချစ်လို့ဆို"

"ဟုတ်ပါတယ်ခင်ဗျာ"

"ငါတို့က ငါတို့သမီးကို မခွဲနိုင်ဘူးဆိုတာတော့ မင်းသိတယ်နော်"

"အဲဒါကြောင့် ... ကျွန်တော် လက်ထပ်ဖို့ထိ ဆုံးဖြတ်တာပါခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



## နီးစပ်ပါတယ်

တစ်ခါက အကြွားသန်တဲ့ မိန်းမကြီးက သူ့သူငယ်ချင်းအိမ် လာပြီး

"သမီးအကြီးတုန်းက ထရိတ်ဒါးမှာ မင်္ဂလာဆောင်တယ်။ အငယ်ကတော့ ဆီဒိုးနားမှာ ဆောင်ခဲ့တာ။ ခု အငယ်ဆုံးတစ်ယောက် ကျန်သေးတယ်။ ဆီဒိုးနားတော့ သိတယ်မဟုတ်လား"

အဲဒီအချိန်ဘေးမှာထိုင်နေတဲ့ လူငယ်က သူ့အမေ ဘာဖြေရမှန်းမသိဖြစ်နေတာကို သတိထားမိပြီး–

"ဆီဒိုးနားတော့မသိဘူးခင်ဗျ။ ဆီဒယ်အိုးနားမှာ မင်္ဂလာဆောင်တာကတော့ အကြော်နဲ့ ကောက်ညှင်းပေါင်းပဲ"







## လေးမျိုးဆိုရင် မလွယ်ဘူးနော်

"ဖေဖေ သားမှာ ချစ်သူရှိနေပြီ။ သားသူ့ကို လက်ထပ်ချင်တယ်"

"သားနဲ့ ဘယ်မှာ တွေ့လာတာလဲ"

"ပြင်သစ်စကားပြော သင်တန်းမှာကတည်းက တွေ့တာဖေဖေ။ ခု အင်္ဂလိပ်စကားပြောမှာလည်း အတူတူပဲ၊ သူက ဂျပန်စကားပြောလည်း တတ်တယ်"

"ဟုတ်လား . . . စဉ်းစားပါဦးကွာ၊ သားသူ့ကို ယူရင် စိတ်ညစ်ရလိမ့်မယ်"

"ဘာလို့လဲ ဖေဖေ"

"မင်းအမေ မြန်မာစကားတစ်မျိုးတည်းတတ်တာတောင် ဖေဖေဘယ်လောက်စိတ်ညစ်နေရတယ် မှတ်သလဲ"





www.burmeseclassic.com

www.burmeseclassic.com



## ရေရှည်ဆို

"ဟိတ်. . . . "

"ဘာလဲ"

"နှင် ငါ့ကို ရည်းစားစကားပြော ချင်လို့ ရစ်နေတာမဟုတ်လား"

"ဘယ်လိုလုပ်သိတာလဲ"

"ငါက ယောက်ျားလေး တစ်ယောက်ရဲ့ အတွင်းစိတ်ထဲမှာ ဘာဖြစ်နေတယ်ဆိုတာသိတယ်"

"တော်ပါပြီဟာ ... ငါနင့်ကို မချစ်ရဲတော့ပါဘူး ... ဒါလောက်သိနေမှ တော့ ... "



## ငါ့အဆိုးလား

"မင်းရဲ့ကောင်မလေးနဲ့ တွေ့တယ်၊ သနားပါတယ်၊ မင်းက နောက်တစ်ယောက်နဲ့ ထပ်တွဲနေတယ်ဆို"

"အေးလေ ... သူကပဲ ရှင် ချစ်တာ ဒါအကုန်ပဲလားလို့ မေးတာကိုး"





## ချစ်သူ့စကား

"မောင်က ဆေးလိပ်ကြိုက်တယ်"

"ကျွန်မနဲ့ဝေးတဲ့နေရာမှာ သောက်လေ၊ ခွင့်ပြုတဲ့သူကို ရောဂါ ဖြစ်တယ်လို့တော့ မကြားဖူးသေးပါဘူး။"



## စိတ်ဝေးသွားလို့

"ဟဲလိုဘောဗ် ဗီနေ့ တွေ့မယ် နော် မျှော်နေမယ် ..."

"အို ... ရှင်ဘာတွေ ပြောနေတာလဲ... ကျွန်မနာမည်တောင် မမှတ်မိတော့ဘူးလား ... သိတာပါ"

"ဆောရီးကွာ ကို စနေနေ့ မှတ်လို့"



www.burmeseclassic.com

www.burmeseclassic.com



## သိတယ်မဟုတ်လား

"တို့ ညက အိပ်မက် မက်တယ် မောင်..."

"ဘယ်လိုမက်လဲဟင်?"

"အိပ်မက်ထဲမှာ မောင်လည်း ပါသားနဲ့"

❀ ❀ ❀



## မှားတတ်ဝလေ

"အေပရယ် ရယ် ... အေပရယ်ကို ချစ်တယ်ကွာ၊ ဟောဒီလောကကြီးမှာ ကိုချစ်တာ အေပရယ် တစ်ယောက် တည်းပါ"

"ရှင်... ပထမတစ်ခွန်း ပြော ကတည်းက ကျွန်မကို တကယ်မချစ်ဘူး ဆိုတာ သိပါတယ်၊ ဒုတိယ တစ်ခွန်း ထပ်ပြောလိုက်တော့ ကျွန်မဆုံးဖြတ်တာ လုံးဝမှန်တယ်ဆိုတာ သေချာသွားတယ်။ ကျွန်မနာမည် ဖွန်ပါ"

❀ ❀ ❀





## ကံ

"သူက အချစ်ရေးမှာ ကံသိပ် ကောင်းတာပဲ"

"ဘယ်သူနဲ့ ရသွားလို့လဲ"

"ဘယ်သူနဲ့မှ မရလို့"



❀ ❀ ❀

## ဒါလေးမှ မသိဘူးလား

"အချစ်ရယ် မင်းကို ကိုယ်ဘယ့်လို ခွဲခွာရမလဲကွာ"

"ဒါလေးမှ မသိဘူးလား ကိုရယ်၊ လိုင်းကားဖြစ်ဖြစ်၊ တက္ကစီဖြစ်ဖြစ် စီးလို့ ရပါတယ်"

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



## ဒီမိုင်းတူလို့

"သမီး … ညည်းကို ဒီကောင်လေးနဲ့ မတွေ့ဖို့ ပြောထားတယ် မဟုတ်လား"

"မေမေ … ဒါ အဲဒီကောင်လေး မဟုတ်ဘူး၊ တစ်ယောက်ပါ"



## အပေးအယူ

"ငါက ငါ့ချစ်သူကို မိတ်ကပ်နဲ့ နှုတ်ခမ်းနီတော့ ဘယ်လောက် တန်တန် ဝယ်ပေးလိုက်တာပဲ၊ အဝတ်အစားကိုတော့ 'ဆေားရိုး'ပဲ"

"ဘာလို့"

"ဟိုဟာတွေက အနံ့တော့ ပြန်ရသေးတယ်လေ"





## စိတ်ချ

"မင်း ယောက္ခမတွေကို ရှိသေမှာ ဟုတ်ရဲ့လား"

"မောင့်ရဲ့ ယောက္ခမတွေကို ရှိသေပါ့မယ်မောင်"



## နီးလိုလျက်နဲ့ ဝေး

"မင်း ခုထိ အဆောင်သူလေးကို မရသေးဘူးလား၊ ငါပြောသလို မလုပ်ဘူးလား၊ သူက သီချင်းကြိုက်တယ်ကွ၊ အဆောင်ရှေ့မှာ သွားပြီး သီချင်းဆိုလေ"

"အဲသလို ဆိုပြီးတဲ့နေ့ကတည်းက လှည့်မကြည့်တော့တာကွ"



www.burmeseclassic.com

www.burmeseclassic.com



## စေလိုရာ

“မင်းအတွက်ဆို ကိုယ် ကမ္ဘာမြေအဆုံးထိ သွားနိုင်ပါတယ်”

“သွားလေ ... ပြန်တော့ မလာရဘူးနော်”



## အချစ်ရဲ့ အမျိုးအစား

“ရှင် ... ကျွန်မကို ချစ်ရဲ့လား”

“ချစ်တာပေါ့”

“ကျွန်မအတွက်ဆို အသက်ပေးရဲပါ့မလား”

“အို ... ငါ့အချစ်က အမြဲရှင်သန်နေတဲ့အချစ်ပါကွာ”





## မပြောင်းလဲသေးတဲ့ အချစ်

အိမ်ထောင်ကျသွားပြီး ဆယ်နှစ်ကျော်ကြာမှ ပြန်ဆုံကြတဲ့ သူငယ်ချင်းနှစ်ယောက်ဟာ ...

“ဟာ ... ဟေးကောင်ကြီး ဘယ်လိုတုန်း ”

“ဒီလိုပါပဲ”

“မင်း ... အလွန်ရုပ်လို့... ပွေလို့ အိမ်ထောင်မှ မြဲပါ့မလားလို့၊ ဒီကောင်မလေးတော့ တကယ်ချစ်ပြီး ယူလိုက်တာကိုး ... ခုထိရော ချစ်တုန်းပဲလား”

“ငါ့မှာ နေစရာမှ အိမ်မရှိသေးဘဲကွာ”





www.burmeseclassic.com

www.burmeseclassic.com



## အားလုံးကို ဖြတ်သွားအောင်ဖြတ်

"ကျွန်မ ရှင့်အချစ်ကို လက်မခံပါရစေနဲ့"

"ဝမ်းနည်းစရာပဲကွာ... ဒါဖြင့်လည်း ငါပေးထားတဲ့ လက်စွပ်ကိုသာ ပြန်ပေးပါတော့"

"လက်စွပ်ကိုပါ သံယောဇဉ်ဖြတ်လိုက်ပါတော့ရှင်"



## သားအတွက် မပူပါနဲ့

"ငါ့သား ဆရာဝန်မလေးကလည်း ချောတာပဲ၊ ရှေ့နေမလေးကလည်း ယဉ်တာပဲ၊ မင်း ဘယ်သူ့ကြိုက်လဲ"

"ဖေဖေတို့ပဲ စဉ်းစားပါ။ ဘယ်သူ့ကို ပြောလို့ရနိုင်မလဲဆိုတာ"





## မင်းတို့ မကြည့်တတ်လို့

အသက် ၂၀ရွယ် ကျွန်တော့်ချစ်သူက အလှဆုံးပဲ။

အသက် ၃၀ရွယ် ကိုယ့်ချစ်သူလိုပဲ လှတာတွေ ရှိပါတယ်ကွာ။

အသက် ၄၀ရွယ် မိန်းကလေးတိုင်း တစ်ယောက် တစ်မျိုး လှတာပါပဲကွာ။



## အလိုက်သိပါတယ်

"ရှင် ကျွန်မနောက်မလိုက်ပါနဲ့"

"ချစ်လို့ပါ..."

"မေမေက ရှင်နဲ့ လုံးဝ သဘောမတူဘူးလို့ပြောထားတယ်"

"ကိုယ်လာပြီးစေ့စပ်ဖို့ထိ မကြိုးစားပါဘူးကွာ"



www.burmeseclassic.com

www.burmeseclassic.com



## စွန့်ရ ခက်မယ်လေ

"စဉ်းစားပါဦး သမီး"

"စဉ်းစားပါတယ် မေမေ"

"ဘာစဉ်းစားတာလဲ၊ ဒီလောက် တားနေတဲ့ကြားက ..."

"သမီးသာ သူ့နေရာမှာရှိပြီး ... သူသာ သမီးနေရာမှာရှိရင်ဆိုပြီး ... စဉ်းစားမိလို့ပါ မေမေ"



## ရှင် ... လူဆ

"ညီမ ... မင်းနာမည် ဘယ်သူ တဲ့လဲ"

"ဘာလုပ်မလို့လဲ"

"သိချင်လို့ပေါ့"

"သိချင်တာသက်သက်အတွက် ဆိုရင်တော့ မဖြေပါရစေနဲ့"





## မောင့်ဆန္ဒ

"သူက သူ့ချစ်သူကို သိပ်ယုယ တာပဲ၊ မောင်လည်း သူ့ကို အတုခိုးသင့် တယ်နော်၊ အဲသလို ယုယသင့်တယ်"

(ကောင်လေးက စဉ်းစားလိုက်ပြီး)

"သူ့ချစ်သူက လက်ခံပါ့မလား"



## ဝမ်းနည်းပါတယ်

"မင်း ကို့ရဲ့ခွေးလေးကို အတော် သဘောကျနေပုံရတယ်"

"အင်း ..."

"ဒါဆို ... ဒီခွေးလေးကို လက် ဆောင်ပေးမယ်လေ"

"အို ... ဝမ်းသာလိုက်တာရှင် ကျေးဇူးပါပဲ"

"ကဲ ... ကိုတောင်းထားတဲ့ အဖြေ ပေးနိုင်ပြီလား"

"ကျွန်မ ရှင့်ဆီက လိုချင်တာ အချစ်မှ မဟုတ်ဘဲ"



www.burmeseclassic.com

www.burmeseclassic.com



## လက်တွေ့လုပ်

"မင်းကိုယ့်ကို မချစ်ဘူးဆိုရင် ကိုယ့်ကိုယ် ကိုယ်သတ်သေလိုက်မှာပဲ"

"ဒါမျိုးဆိုတာ ဖွင့်မပြောရဘူးရှင့်"

❀ ❀ ❀

## ငါ့အဆိုး မဖြစ်ချင်လို့



"ဒီနေ့ မင်းကောင်မလေးနဲ့ ချိန်းထားတယ်ဆို"

"အင်း ..."

"သူမလာဘူးလား"

"မလာဘူးကွ"

"သူ့အိမ်ကထွက်မရလို့လား ... နောက်တစ်ယောက်တွေ့နေလို့လား"

"သူ့အိမ်ကထွက်မရတာမဖြစ်ပါစေနဲ့လို့ဆုတောင်းနေတာပဲ သူငယ်ချင်းရာ"

❀ ❀ ❀





## ကြိုးစားပြီးပဲ ပြောပါ

"ငါဘယ်လောက်ချစ်တယ် ဆိုတာ မင်းသိအောင် ဘယ်လို ပြောပြရမှန်း မသိတော့ဘူးကွာ"

"ဟင်းနေဦး ... လက်မပါကြေး"



❀ ❀ ❀

## အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်

ဆရာ – မင်္ဂလာဆောင်နေသည် ဆိုတာ ပစ္စုပ္ပန်၊ ဆောင်လိမ့်မည်ဆိုတာက အနာဂတ်ကွ၊ အတိတ်ကို ပြောချင်ရင် ဘယ်လိုသုံးရမလဲ။

တပည့် – အဖေကတော့ ငါမှားခဲ့တာလို့ ပြောလေ့ရှိပါတယ်ခင်ဗျ။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



## ယုံပါကွာ

"ဖေဖေ ချစ်တယ်ဆိုတာ ဘာလဲ"

"ဒုက္ခကို ဝယ်ဖို့ စရံသတ်တာပေါ့ကွာ"

"လက်ထပ်တယ်ဆိုတာကရော"

"ငွေအပြေချေတာလေ"



## အဖြေရခက်တယ်

"ရှင်ကျွန်မကို တကယ် လက်ထပ်မှာလား"

"ဖြေဖို့ခက်တယ်ကွာ"

"ဘာလဲ အလုပ်အကိုင်မရှိသေးလို့လား"

"မဟုတ်ပါဘူး။ လက်မထပ်ဘူးဆိုရင် မင်းကစိတ်မကောင်းဖြစ်မယ်၊ လက်ထပ်မယ်ဆိုပြန်ရင် သူက စိတ်မကောင်းဖြစ်မယ်၊ ငါက ဘယ်သူ့ကိုမှ စိတ်ညစ်အောင်မလုပ်ချင်ဘူးကွာ"





## ကြံ့ဖွံ့သမျှ

"လက်ထပ်တယ်ဆိုတာ ထီထိုးသလိုပဲကွ"

"ထီထိုးတာကမှ ကံကောင်းတဲ့ လူရှိပါသေးတယ် သူငယ်ချင်းရာ"



## မှတ်မှတ်ရရဖြစ်နေတာ

အိမ်ထောင်ကျသွားတဲ့ သူငယ်ချင်းကို တစ်နှစ်ပြည့်တဲ့နေ့မှာ သူငယ်ချင်းတွေက ...

"ကဲ ပြောစမ်းပါဦး ... အိမ်ထောင်သက်တစ်နှစ်ပြည့်မှ မှတ်မှတ်ရရ ပြန်ပြောပြစရာ ဘာရှိလဲ"

"အိပ်ယာထချိန် မနက် (၇)နာရီဟာ မေ့မရတဲ့ အချိန်ပေါ့ကွာ"

"ပြောစမ်းပါဦး"

"ရေနွေးအိုးနဲ့ ငါ့မိန်းမက တစ်ပြိုင်တည်း ဆူတာကွ"



www.burmeseclassic.com

www.burmeseclassic.com



## နားထောင်ကြည့်

လက်မထပ်ခင်က ယောက်ျားလေးက ပိုပြီးစကားပြောတယ်။

လက်ထပ်ပြီးတော့ မိန်းကလေးက ပိုပြီးစကားပြောတယ်။

ကွဲသွားကြတော့ မိဘတွေက ပိုပြီးစကားပြောတယ်။

မုဆိုးဖို/မုဆိုးမ ဖြစ်တော့ ပတ်ဝန်းကျင်က ပိုပြီးစကားပြောတယ်။



## အိုအောင်မင်းအောင်

"ယောက်ျားတွေက ဘယ်အချိန်မှာ လိမ်ပြောတတ်သလဲ"

"မရခင်ပေါ့ကွာ"

"ရပြီးတော့ရော"

"လိမ်တာကို မသိလို့ ငြားသွားကြပြီဆိုမှတော့ ..."





## ခွဲကြစို့

ချစ်သူနဲ့ချိန်းထားတဲ့ နေရာကို ၁၅ မိနစ်လောက် စောရောက်သွားတော့ သူ့ချစ်သူကို တခြားကောင်လေးတစ်ယောက်နဲ့အတူ ထိုင်နေတာတွေ့ရသတဲ့။ ဒီတော့ ကောင်လေးက သူ့ချစ်သူရဲ့ရှေ့ကို သွားရပ်လိုက်တယ်။ အဲဒီအချိန်မှာ ကောင်မလေးက –

"ရှင့်လို အချိန်မတိကျတဲ့သူမျိုး ကို ကျွန်မ ဆက်ပြီး လက်တွဲဖို့ မလွယ်တော့ဘူး"

## ချစ်ဖူးတယ်

မိန်းကလေးသူငယ်ချင်း နှစ်ယောက် ဆုံမိတော့ ...

"မင်းအချစ်ခံရဖူးသလား"

"ဟင့်အင်း"

"မယုံပါဘူးကွာ။ ဒီအရွယ်ကြီးရောက်မှ"

"ကိုယ်က အချစ်မခံရဖူးဘူး လို့ပဲပြောတာလေ"





www.burmeseclassic.com

www.burmeseclassic.com



## တူလိုက်တာနော်


ကောင်လေး တစ်ယောက်နဲ့ ကောင်မလေးတစ်ယောက် ရည်းစားဖြစ်သွားတော့ ကောင်လေးက ...

"မင်းမှာ ချစ်သူရှိခဲ့ဖူးသလား"

"ဟင့်အင်း ... ဒါနဲ့မသိလို့ တစ်ခုမေးမယ်နော်"

"မေးလေ"

"ယောက်ျားလေးတွေက ရည်းစားဖြစ်ပြီဆိုတာနဲ့ ဘာလို့ အဲဒီမေးခွန်းပဲ မေးကြတာလဲဟင်"



## ခေတ်အကြိုက်

"မောင် ... မောင်က အမှတ်တရ ဆိုပြီးပေးတဲ့ နာရီလေး မေမေတွေ့သွားတယ်"

"ဒါနဲ့ ဘယ်လိုဖြေရှင်းလိုက်သလဲ... ဆူသေးလား"

"ဆူတော့ မဆူဘူး၊ နာရီကို ကြိုက်လို့ဆိုပြီး သိမ်းသွားပြီ"

"ထင်သားပဲ အဲဒါကိုယ့်မေမေရဲ့ နာရီကွ"





## ကံဆိုးချင်တော့

"ဒီရက်ပိုင်း ကံနိမ့်နေတယ်"

"ဗေဒင်ကဟောတာလား"

"မင်းနဲ့တွေ့ရလို့ပါ၊ မင်းနဲ့ပေါင်းမိရင် အကျိုးမူတောင် ပြန်ပေးမှုနဲ့ ရုံးရောက်မှာ"

"မဆိုင်လိုက်တာ"

"ဆိုင်တာပေါ့... ယူတာက တော့ အကျိုးပဲ၊ လူကမချုတ်ရသေးတော့ အကျိုးနဲ့အတူ လူပါ ပါလာရော"



## နံ့ဝါတ်ဘယ်လောက်လဲ

"မင်းမှာချစ်သူရှိသလား"

"သူတို့က ချစ်တာလား၊ ကျွန်မက ချစ်တာလား"

"တယ်လိုကွာလို့လဲ"

"အရေအတွက်လေ"

www.burmeseclassic.com



## မလွဲသောအမှား

"ရှင်က အပြောင်းအလဲ သိပ်များတာပဲ"

"ဘာများလို့လဲ"

"နှစ်ဆိုတာ လတွေပေါင်းထားတာ၊ လဆိုတာ ရက်တွေပေါင်းထားတာ၊ တို့အချစ်က မင်းက '၄' ဆို ကိုယ်က '၃'၊ နှစ်ယောက်ပေါင်းလိုက်ရင် 'ခွန်'၊ ရက်တစ်ပတ်လုံး တစ်နေ့မှ မမေ့တဲ့ သဘောလို့ ပြောတာလေ"

"အေးလေ"

"ကျွန်မ စာအုပ်ထဲရေးပေးတော့ မင်းက 'ငါး' ဆို ကိုယ်က 'နှစ်' တဲ့"



## ဟောတော့

"ရှင်... ကျွန်မကို ချစ်တာ ဘယ်လို သက်သေပြမလဲ"

"ကိုယ့်ရဲ့ ပထမဇနီးနဲ့ ကွာရှင်းပြတ်စဲကြောင်း လက်မှတ်ထိုးထားတဲ့ စာချုပ်ပြပါ့မယ်"






## မဖြေပါရစေနဲ့

"မောင် ... သိန်းငါးရာလောက် ချမ်းသာ သွားရင် ကျွန်မအပေါ် သစ္စာရှိနိုင်ပါဦးမှာလား"

"ရှိမှာပေါ့ကွာ၊ မင်းကရော မောင့်မှာ တစ်ပြားမှမရှိရင် သစ္စာရှိဦးမှာလား"

"ကျွန်မတော့ တစ်ခါမှ အဲသလို မတွေးဖူးဘူး"



## ဒါလေးများ

"မင်းဆီ ဖုန်းဆက်တာကို နာမည်မှားခေါ်လို့ဆို၊ မင်းရဲ့ အမျိုးသားနဲ့ တွေ့ခဲ့တယ်၊ မောင်လို့ ခေါ်နေကျကို အစ်ကိုလို့ ခေါ်လို့ စိတ်ပျက်သွားပြီတဲ့"

"ကြီးကျယ်လိုက်တာ၊ သူက အရင်စပြီး ဆွိတီလို့မှားခေါ်တာ၊ ဒီတော့ ငါက မှားထူးတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com




## အဲဒါတော့ သည်းခံဝါ

"ကျွန်မ ရှင်နဲ့ လက်မတွဲနိုင်တော့ဘူး"

"ဘာလို့လဲကွာ"

"လမ်းခွဲဖို့ ဆုံးဖြတ်လိုက်ပြီ"

"ခက်တာပဲကွာ၊ ငါ့မှာ ရက်စက်တဲ့ နှလုံးသားမရှိတာ"



## မြန်ချင်ရင်

"မင်းတို့ဘယ်တော့ လက်ထပ်မှာလဲ"

"သူ အလုပ်ရှာနေသေးတယ်ကွ"

"ကြာမှာပေါ့ကွာ ... မြန်မြန် လက်ထပ်ချင်ရင် မိန်းကလေးကအလုပ်ရှာရတယ်ကွ"






## အချစ်ဦး

"မင်းဟာ ကို့ရဲ့ အချစ်ဦးပဲ"

"ဟွန်း ... မသိတာကျလို့ အရင်က တွဲနေတဲ့ အေမီကို ဘယ်သွားထားမလဲ"

"အဲဒီတုန်းက ကိုက သူ့ရဲ့ အချစ်ဦးပါကွာ"



## ညှံ့ပုံက

"မင်းတို့ လမ်းထဲ ပြောင်းလာတဲ့ အမျိုးသားက ဘယ်လိုလဲကွ"

"သိပ်မဟုတ်လှပါဘူးကွာ"

"ကုမ္ပဏီတစ်ခုမှာ မန်နေဂျာဆို"

"မန်နေဂျာပေမယ့် လူကဲခတ်ညံ့ပါတယ်ကွာ"

"ဟုတ်လား"

"အေးလေ ... ငါနဲ့နှစ်ယောက် တည်းဆုံတာ သုံးခါရှိပြီ ... ဒါတောင် ချစ်ရေးဆိုရကောင်းမှန်း မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



## ဖြစ်ချင်တာ ဒါပဲ

"ကိုယ်က CBAကုမ္ပဏီမှာ အလုပ်လုပ်ပါတယ်ကွာ၊ မန်နေဂျာပါ၊ မင်းအတွက်ဆို အားလုံးဖြည့်ဆည်းပေးနိုင်အောင် ကြိုးစားပါမယ်"

"တကယ်လား ..."

"တကယ်ပါ"

"ဒါဖြင့် သူဌေးနဲ့ မိတ်ဆက်ပေး လေ"



## ဂုဏ် ... ဂုဏ် ... ဂုဏ်

"မင်းလက်ထပ်ဖို့ ဆုံးဖြတ်လိုက်ပြီလား၊ သူက ဘာမှမလုပ်တတ်ဘူးနော်၊ မင်းလုပ်စာထိုင်စားနေမှာ ..."

"အားကိုးခံရတဲ့ ဂုဏ်က သေးတာမှတ်လို့ကွာ ..."





## စိုးရိမ်တာပေါ့

"မင်းနဲ့ မင်းရဲ့အမျိုးသားကို ဘာလို့ သဘောမတူတာလဲ"


"ကိုယ့်အစ်မတွေကြောင့်ပေါ့ကွာ"

"ဘယ်လိုပတ်သက်လို့လဲ"

"အစ်မအကြီးဆုံးက မြစ်ဆုံ မှာနေတယ်လေ၊ အမွှာပူးလေးမွေးလို့ နာမည်တောင် မေခနဲ့ မေလီခဆိုပေးထားတယ်၊ အစ်မလတ်က လမ်းသုံးခွမှာနေတယ်၊ သုံးမွှာပူးလေး မွေးတယ်၊ နာမည်တောင် မပေးရသေးဘူး၊ အဲဒီသတင်းလည်းကြားရော ကိုယ့်ကိုကိုယ့်အမျိုးသားနဲ့ အဆက်ဖြတ်ရမယ်လို့ အတင်းပြောကြတာ"

"ဘာဆိုင်လို့လဲ"

"ကိုယ့်အမျိုးသားက ထန်းကိုးပင်မှာနေတာကွ"





www.burmeseclassic.com

www.burmeseclassic.com



## ကြားချင်တဲ့ စကား

"ကို ဒီနေ့ မင်းဆီက စကားတစ်ခွန်းကို ပြတ်ပြတ်သားသား ကြားချင်ပြီကွာ၊ အဲဒီစကားဟာ ကိုယ့်ဘဝအတွက် အကြီးမားဆုံး ပျော်ရွှင်မှုကို ဖြစ်စေမှာပဲ၊ အလေးအနက်စဉ်းစားပြီး ဖြေပေးပါ"

"ဘာစကားလဲ"

"ကို့ကို လက်ထပ်နိုင်မလား၊ မင်းဘေးမှာ ဝိုင်းဝိုင်းလည်နေကြတော့ ..."

"ဝမ်းနည်းပါတယ်ရှင်"

"ကျေးဇူးပါပဲကွာ ... ကိုယ်မျှော်လင့်နေတာ အဲဒီစကားပါ ..."



## ချစ်သူခေါ်ရာ

"မင်း ... သူ့အချစ်ကို လက်ခံလိုက်ပြီလား"

"ကိုယ်စဉ်းစားနေတုန်းပဲ"

"ဘာအတွက် စဉ်းစားနေတာလဲ"

"ကိုယ့်အိမ်မှာ သူ့ကို ဘယ်လိုထားရမလဲဆိုတာပေါ့"





## တစ်သက်စာ

"ကိုယ် သူ့ကို တော်တော် မုန်းသွားတယ်ကွာ၊ တအားကိုဒေါသဖြစ်တာ၊ သူ့အပြုအမူဟာ ကိုယ့်ကိုလုံးဝဂရုမစိုက် သလိုပဲ၊ ခုထိ သူကတော့ သူ့လုပ်ရပ်တွေကို ကိုယ်မသိဘူး မှတ်နေတာ၊ ဒီနေ့တွေ့ဖို့ ချိန်းတယ်လေ၊ ကဲ အကြံဉာဏ်လေး ပေးစမ်းပါဦး၊ သူ့ကို ကောင်းကောင်းကြီး စိတ်ဆင်းရဲအောင် လုပ်ပစ်လိုက်ချင်တာ"

"လက်ထပ်ဖို့ပြောလိုက်ကွာ ..."



## အဖြေ

ပ – ငွေကို အရင်ရှာသင့်တယ်။

ဒု – အချစ်ကို အရင်ရှာရမယ်။
အချစ်ရှိမှ ငွေကိုရှာဖြစ်မှာ။

တ – ငါသဘောပေါက်သွားပြီ၊
သူဌေးသမီးဟာ တို့နဲ့
အသင့်လျော်ဆုံးပဲ။



www.burmeseclassic.com

www.burmeseclassic.com




## ကံဆိုးလို့

"မင်းယောက္ခမကြီးက မင်းကို အရိပ်တကြည့်ကြည့်နဲ့ နေတာဆို"

"အင်း ..."

"မင်းကံကောင်းတာပေါ့"

"ဘယ်လိုလုပ် ကံကောင်းရမှာလဲ ကွာ၊ အမြဲမသက်သာနေမှတော့"



## ဖြစ်သလိုစားပါ့မယ်

"မောင် ကျွန်မကို တကယ် လက်ထပ်ချင်တာလား"

"တကယ်ပါ"

"ကျွန်မ မိသားစုက ဆယ်တစ် ယောက်တောင်ရှိတာမောင်၊ အဖေ ရော၊ အမေရော၊ မောင်လေးတွေ၊ ညီမ လေးတွေရော စားအိုးကြီးတယ် မောင်ရဲ့"

"ဆယ့်နှစ်ယောက်ဖြစ်တာပေါ့ ကွာ၊ မေတို့အတွက် ထူးပြီးပိုမကုန် စေရပါဘူး"





## ခုမှ သိတယ်...

"မောင် ကျွန်မတို့ သုံးနှစ် သုံးမိုး ချစ်ပြီးမှ လက်ထပ်ခဲ့တာနော်"

"မင်းက ဟန်ဆောင်ကောင်း တာကိုး"



## သူ့အညံ့ဆုံးမို့

"မင်းနဲ့ မင်းကောင်မလေး ဘာလို့ ကွဲသွားတာလဲ"

"သူက သူ့သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးတယ်ကွာ၊ သူ့သူငယ် ချင်းတွေ အားလုံးက သူ့ထက် ပြည့်စုံ ပြီး သူ့ထက်တော်တဲ့၊ သာတဲ့ သူတွေ ချည်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



## သူ့အထင်

“အချစ်နဲ့ အကြိုက် ဘာကွဲပြားသလဲ”

“မန္တလေးကနေ ရန်ကုန်ကို လေယာဉ်ပျံနဲ့ သွားတာနဲ့ မီးရထားနဲ့ သွားတာ ကွဲပြားသလိုမျိုးပဲ ဖြစ်မယ်ထင်ပါတယ်၊ နောက်ဆုံးတော့ ရန်ကုန်ပဲရောက်မှာပါ”



## အပျိုကြီးရဲ့ လိမ္မာ ပါးနပ်မှု

အချစ်နဲ့ ပတ်သက်ပြီး ဘယ်လိုသဘောထားသလဲလို့ အပျိုကြီးတစ်ယောက်ကို မေးကြည့်တော့ ...

“မိခင်ရဲ့ ကျေးဇူးဆိုတာ ဆပ်လို့မကုန်နိုင်ဘူးလို့ ပြောထားတာပဲရှင်၊ မိန်းမသားဘဝကိုရောက်ပြီးမှတော့ မိခင်ကောင်းတစ်ယောက် ဖြစ်ချင်သေးတာပေါ့”





## လူပျိုကြီးရဲ့ အဖြေ

အချစ်နဲ့ ပတ်သက်ပြီး လူပျိုကြီးတစ်ယောက်ကို မေးကြည့်မိတော့ ဒီလိုဖြေပါတယ်၊ ဒီအဖြေဟာ လူပျိုကြီးအားလုံးကို ကိုယ်စားပြုတယ်လို့တော့ မမှတ်ယူစေလိုပါဘူး . . .

“အချစ်ဆိုတာကတော့ အသက်အရွယ်အပိုင်းအခြားမရှိ ရှင်သန်နေတာပဲ အသက်ကြီးလာတော့ အိမ်ထောင်ပြုဖို့တော့ စိတ်ကူးမရှိပါဘူး”



## မသိလိုက်လို့

“ချစ်သူရှိသလား”

“ရှိပါတယ်”

“စပြီး ချစ်မိတော့မယ်ဆိုတာ သတိထားမိသလား”

“အဲသလို သတိထားမိရင် ရှောင်မှာပေါ့ဗျာ ”



www.burmeseclassic.com

www.burmeseclassic.com



## ဝတ္ထုဖတ်သူရဲ့ အဖြေ

အချစ်ဝတ္ထုတွေ စွဲစွဲမြဲမြဲ ဖတ်တဲ့ အပျိုစင်တစ်ဦးကို အင်တာဗျူးကြည့်တော့ ...

"အချစ်ဝတ္ထုတွေကို ဖတ်တဲ့အတွက် အချစ်နဲ့ ပတ်သက်ပြီးဘယ်လိုတွေးမိ ခံစားမိသလဲ၊ သဘောထားကို ပြောပြပါလား"

"ဘာမှ မထူးခြားဘူးလို့ ထင်ပါတယ်၊ ဘာလို့လဲ ဆိုတော့ ဘာအချစ်ဝတ္ထုမှ မဖတ်တဲ့ ကျွန်မ ညီမက အိမ်ထောင်ကျနေတာ၊ ခုဆို ကလေးတစ်ယောက်တောင် ရနေပြီလေ၊ တူလေးပေါ့"




ကံချွန်စာပေတိုက်



## အချစ်စာရေးဆရာမတစ်ဦးရဲ့ အဖြေ

"အချစ်ကို ဘယ်လိုမြင်သလဲ"

"အချစ်ဆိုတာ ယောကျ်ားလေးတွေရဲ့ ရင်ထဲမှာ မွေးဖွားလာသလိုမျိုးပဲ၊ မိန်းကလေးတွေရဲ့ ရင်ထဲမှာလည်း မွေးဖွားလာနိုင်တာပဲ၊ ဒါပေမယ့် အချစ်ဆိုတာ ယောကျ်ားလေးတွေအတွက် ဖွင့်အံပြလို့ရတဲ့အရာဖြစ်ပြီး မိန်းကလေးတွေအတွက်တော့ မြိုသိပ်ထားရတဲ့ အရာဖြစ်တယ်"



## ပြည့်စုံအောင်မေးပါ

"ကိုယ့်ရဲ့ ချစ်သူဟာ ကိုယ့်ဘဝအတွက် ဘယ်အတိုင်းအတာထိ အရေးပါသလဲ"

"သူ့မှာ အလုပ်ရှိသလား၊ ငွေရှိသလားဆိုတာ ကြိုသိရမှ ဒီမေးခွန်းကို ဖြေလို့ရမှာပါ"

ကံချွန်စာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



## အထင်ကြီးချင်လို့

"မင်းရဲ့ မိဘတွေက မောင့်ကို ဆင်းရဲလို့ အထင်သေးတာလား"

"မသေးပါဘူး မောင် ..."

"ဒါဖြင့် ချမ်းသာအောင် ကြိုးစားပါဦးဆိုတာက ဘာသဘောလဲ"

"သြော် ... ပတ်ဝန်းကျင်က မောင့်ကို ငွေမက်လို့ သူဌေးသမီးအပိုင်ကြံတယ်ဆို ပြောလာကြမှာ မခံနိုင်လို့တဲ့၊ မောင်က မတို့ထက် ချမ်းသာပြီးမှ မကို ယူရင် အားလုံးကမောင့်ရဲ့ မေတ္တာကို အထင်ကြီးကြမှာတဲ့"



## ဘာ အရေးကြီးဆုံးလဲ

"အိမ်ထောင်တစ်ခုမှာ တည်ဆောက်မယ်ဆိုရင် အချစ်နဲ့ငွေ ဘယ်ဟာက အဓိကကျသလဲဟင်"

"ငါက သူဌေးသမီးကို ချစ်မိ တော့ အဲဒါကို အဖြေရခက်တယ်ကွာ"





## ချွင်းချက်

"မင်းရဲ့စကားကို နာခံလျက်ပါကွာ၊ ငါ့ဘဝဟာ မင်းရဲ့ အလိုကျ ရပ်တည် နေတာပါ"

"ကဲ ဒါဖြင့် တစ်ရာ့ တစ်ကြိမ်မြောက် ပြောမယ်၊ ရှင် ကျွန်မလုံးဝ မနှောင့်ယှက်ပါနဲ့"

"အဲဒီ စကားက လွဲရင်ပေါ့ကွာ"



## အလားအလာ

"မင်းတို့ပြေလည်သွားပြီလား"

"ပြေလည်သွားပါပြီ၊ ဒါပေမယ့် သူ့ကို အညှိုးကြီးကြီးနဲ့ ရက်စက်တော့မယ်ကွာ"

"မင်းက ဘယ်လိုလုပ်သိတာလဲ"

"သူကိုယ်တိုင် ပြောတာပဲ၊ သူ့ကို လက်ထပ်ပါတဲ့"



www.burmeseclassic.com

www.burmeseclassic.com



## ကြွက်- ကြွက်ချင်း

"ရှင့်ကို ကျွန်မ အရှုးအမူး ဖြစ်လိမ့်မယ်လို့ ထင်သလား"

"မင်းကိုရော ငါက စွဲစွဲလန်းလန်း ရှိလိမ့်မယ်လို့ ထင်သလား"

"ဒါဖြင့် ကျွန်မတို့ လက်ထပ်လို့ရတာပေါ့၊ လက်ထပ်ကြမယ်လေ"



## သိဝါ

"မင်းက ငါ့သမီးကို တကယ် လက်ထပ်ချင်တာလား"

"တကယ် လက်ထပ်ချင်တာပါ ခင်ဗျာ"

"မင်းသူ့အမေရဲ့ စရိုက်ကို သိရဲ့လား၊ ဘယ်လောက်ကြမ်းသလဲ၊ ဘယ်လောက်ယောကျ်ားအပေါ် အနိုင်ကျင့်သလဲဆိုတာ၊ ငါကို အလူးအလိမ့် သည်းခံနေရတာ"

"ဟုတ်ကဲ့ သိပါတယ်၊ သူက ဖအေတူ သမီးဆိုပြီးပြောလို့ပါ"





## ဖြစ်ချင်တာက

"မင်းအတွက်ဆို 'ကို' ဘာပဲဖြစ်ဖြစ် လုပ်ပေးနိုင်ပါတယ်။ ကိုယ်လုပ်မပေးနိုင်တာ မရှိပါဘူး"

"ရှင်တကယ်ပြောတာလား"

"မင်းလောက် ရက်ရက်စက်စက်လှနေတဲ့ မိန်းကလေးတစ်ယောက်အတွက် ဘာလို့လုပ်မပေးနိုင်ရမှာလဲ"

"ဒါဖြင့် ကျွန်မကို ရှင်တို့ ကုမ္ပဏီက သူဌေးသားနဲ့ မိတ်ဆက်ပေးပါလား"



## ဘာဖြစ်သလဲ

မောင် – ယောကျ္ာမဆိုတာ ...

မ – ပြောလေ ... မောင့်မိဘတွေဟာလည်း မေ့ယောကျ္ာမတွေပါပဲ...



www.burmeseclassic.com

www.burmeseclassic.com



## ဗျူး

"နာမည်ပြောပါ"

"မ"

"ကွန်မျူတာ ကျွမ်းကျင်၊ ဘာသာစကားသုံးမျိုးတတ်လို့ ရေးထားတယ်နော်"

"ဟုတ်ပါတယ်"

"အိမ်ထောင်မရှိဘူးနော်"

"ဘော့စ်မှာ အိမ်ထောင် ရှိ–မရှိလည်း သိပါရစေရှင်"



## သိဘူးလေ

"ဘယ်က ပြန်လာတာလဲ"

"သွားဆရာဝန်ဆီက"

"မင်းသွားက နာနေတုန်းပဲလား"

"မပြောတတ်ဘူးကွ၊ သူယူထားလိုက်တယ်"





## ကျွန်မဆန္ဒ

"ညစာကျွေးပါရစေ"

"ဘာအတွက်လဲ"

"ဒီနေ့ လခထုတ်လာလို့ပါ"

"ပြောရမှာတော့ အားနာပါတယ်"

"မလိုက်နိုင်လို့လား"

"ဟင့်အင်း"

"အားမနာပါနဲ့ ပြောပါ"

"နေ့စား အလုပ်ပြောင်းလုပ်ပါလား"



## မတတ်လို့

"သမီး"

"ရှင်"

"ချစ်တယ်ဆိုတဲ့ စကားကို လွယ်လွယ် မပြောသင့်ဘူး"

"ခက်အောင် ဘယ်လိုပြောရမလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



## မြင်တယ်နော်

လက်ထပ်ပြီး မင်္ဂလာပွဲကနေ
အိမ် ပြန်လာတော့ ကားပေါ်မှာ–

သတို့သား — အပျိုရံလုပ်တဲ့ နှာတံ ပေါ်ပေါ် ကောင်မလေးက ဘယ်ကလဲကွ။

သတို့သမီး — မောင့်ဘေးက လူပျိုရံ ကောင်လေးနဲ့ဆို လိုက်မှာနော်၊ အဲဒီကောင်လေးလည်း အတော်ချောတယ်၊ မျက်လုံးလေးက ကြည့်ပြီး တောက်နေတာပဲ။



## လုံခြုံဖို့

"ဟို ... ဟို ဒီကနာမည်လေး သိပါရစေလား"

"ကျွန်မက ကရာတေး တတ်တယ် ဆိုတာရော ရှင်သိတယ် မဟုတ်လား"

"သိပါတယ်။ အဲဒါကြောင့် အားကိုးချင်လို့ ..."





## စဉ်းစားပါဦး


"ရင်ခုန်တာ အချစ်လား"

"အဲသလို ပြောကြတာပဲ"

"ဒုက္ခပါပဲကွာ"

"ဘာဖြစ်လို့လဲ"

"ကြွက်တွေ၊ ပိုးဟပ်တွေ မြင်ရင် ရင်ခုန် ခုန်လာလို့"



## လက်တွေ့

"အချစ်မှာ မျက်စိမရှိဘူးဆိုတာ ဟုတ်သလား"

"မပြောတတ်ဘူးကွ၊ အချစ်မှာ ငွေမရှိတာတော့ သေချာတယ်"



www.burmeseclassic.com

www.burmeseclassic.com



## စိစဉ်ပြီးသား

"သမီး ..."

"ရှင် ..."

"သမီးရဲ့ ချစ်သူကို မေမေကြည့်မရဘူး"

"လက်ထပ်ပြီးရင် အိမ်ခွဲနေမှာပါ မေမေ"



## တော်သေးရဲ့

"မိန်းကလေးကစပြီး ချစ်ရေးဆိုတဲ့ အကျင့်မရှိတာ ငါတော့ သဘောကျတယ်"

"ဘာလို့"

"မိန်းကလေးက စချစ်ရမယ်ဆိုတို့လို အိမ်ထောင်ဝါးတွေ ဘယ်လိုလုပ် မိန်းမရတော့မှာလဲ"





## ကောင်းကွက်

"မောင် "

"ဗျာ"

"မောင်က ကျွန်မကို လှလို့ချစ်တာပေါ့"

"အင်း"

"မလှရင် မချစ်ဘူးပေါ့"

"အင်း"

"ငွေလည်းရှိလို့မဟုတ်လား"

"ဟုတ်ပါ"

"အဲဒါကြောင့် မောင့်ကို ချစ်ရတာ၊ မောင်ကသိမ်ရိုးသားတာပဲ၊ မလိမ်တတ်ဘူး"



## ဟဲလို ...

"ယောကျ်ားလေး ကြိုက်တော့ စိုက်စိုက်လာတဲ့၊ မိန်းကလေး ကြိုက်တော့..."

"ဖုန်းဆက်ခေါ်တာပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



## သဘာဝကျပါတယ်

"မင်းမိဘတွေက နမ့် ဘာလို့ သဘောမတူတော့တာလဲ"

"သူ့အရောင်းအဝယ်လုပ်တာ သိသွားလို့"

"သူက ဘာတွေရောင်းနေလို့လဲ"

"သူနေတဲ့ တိုက်နဲ့ စီးတဲ့ကား"



## အလှည့်

"မောင် ..."

"ပြောလေ"

"မောင်ရဲ့ အခြေအနေကို တိုးတက်အောင် ကြိုးစားပါဦး မောင်ရယ်၊ ခုပုံမျိုးနဲ့ကတော့ မေမေတို့က ဘယ်လိုမှ သဘောတူမှာ မဟုတ်ဘူး"

"မောင်ကြိုးစားတာ အရစ်ကုန်နေပြီကွာ၊ မင်းရဲ့ မေမေတို့ကို တစ်လှည့် ကြိုးစားခိုင်းပါဦးလား"

"ဘယ်လိုကြိုးစားခိုင်းရမှာလဲ"

"လျှော့ကြည့်တတ်ဖို့ပေါ့"

ကံချွန်စာပေတိုက်



## အဝယ်အရောင်း

"ခင့်မေမေတို့က သဘာဝမကျဘူးကွာ"

"ဘာ သဘာဝမကျတာလဲ"

"ဘာပဲဖြစ်ဖြစ် သက်သာမှ လိုချင်ပြီးတော့ သားမက်ကျမှ တန်ဖိုးကြီးတာ လိုချင်ရတယ်လို့ကွာ၊ အရည်အချင်းလည်းရှိမှ၊ ရုပ်လည်းရှိမှ၊ ဝင်ငွေလည်းကောင်းမှ၊ တစ်ဦးတည်းသောသားလည်း ဖြစ်မှနဲ့ ..."

"သားမက်ကို ဝယ်ရတာ မဟုတ်ဘူးလေ မောင်ရဲ့"



## အဟောင်းကြီး

"ဒီနေ့ကောင်လေးတွေ ရည်းစားစကားပြောတာ၊ ပုံစံပြောင်းသွားပြီကွ"

"ဟုတ်လား ... ဘယ်လိုလဲ"

"အားကိုးပါရစေ ... တဲ့"

အဲဒီအချိန်မှာ အမေလုပ်သူက

"ဟဲ့ ... အဲဒါ နင်ထို့အဖေခေတ်ကတည်းက"

ကံချွန်စာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



## ယော်မှု မဖျောက်နိုင်ဘူ

"သူက ယော်ယော်လေးက ကိုယ်လုံးကို အနုတ် ထိန်းထားတာ"

"ဟာကွာ ... ဒါလောက်ဝနေတာကြီးကို"

"အေးလေ ... ယော်ယော်ကကိုယ်လုံးနဲ့ လက်ရှိကိုယ်လုံးပေါင်းလိုက်တော့ ဝသွားတာပေါ့"



## ကျေရော

"မင်းကိုပြောနေကြတယ်၊ အသက်သာ ကြီးလာတာ ရုပ်က ယော်ယော်က အတိုင်းပဲတဲ့"

"ဟုတ်လား ... ငါယော်ယော်က အသက် ကလေးကသာ ယော်တာ၊ ရုပ်က လူကြီးကျနေတာပဲ ရင့်လိုက်တာဆိုပြီး ခဏခဏအပြောခံရတာကွ"





## မင်းဖို့ မပြောနဲ့

တစ်ခါက သားနှင့်အဖေ နှစ်ယောက်တည်း နေကြတဲ့အိမ်မှာ –

"ဖေဖေ သားအိမ်ထောင်ပြုချင်ပြီ၊ ချက်ရေး၊ ပြုတ်ရေး၊ လျှော်ရေးဖွတ်ရေးလည်း လုပ်ငှားနေရတာ မသက်သာလှဘူး"

"ငါ့သားမှာ ချစ်သူရှိလား"

"မရှိပါဘူး ဖေဖေ၊ ဖေဖေပေးစားတာကို ယူမှာပါ"

"ဖေဖေ့မှာ အဲသလောက် အစွမ်းအစရှိရင် မင်း အမေရနေမှာပေါ့ကွာ"





www.burmeseclassic.com

www.burmeseclassic.com



## ကြုံဖူးတယ်လေ

ကောင်လေးတစ်ယောက် က ကောင်မလေးတစ်ယောက်ကို လိုက်ပြီး ချစ်ရေးဆိုတယ်။ ဒီတော့ ကောင်မလေး က

"ရုပ်ရှင်တွေထဲကလို လက်စွပ်ပေးပြီး ချစ်ရေးမဆိုဘူးလား"

"စရံဆုံးပေါင်းများပြီကွာ"



## အားကိုးပါရစေ

"မောင်တို့ လက်ထပ်ရအောင်လား"

"လက်ထပ်တာက လွယ်ပါတယ် မောင်။ လက်ထပ်ပြီးရင် ဘယ်မှာနေမလဲ၊ ဘယ်လိုစားကြမလဲ၊ မောင်ကလည်း အလုပ်မရှိသေးဘူးလေ"

"အဲဒီ ပြဿနာတွေကို ဖြေရှင်းချင်လို့ပေါ့ကွာ"





## ချစ်တတ်ကြတယ်

အမှတ်တရ ပစ္စည်းရောင်းတဲ့ဆိုင်မှာ –

"တစ်ဦးတည်းသော ချစ်ရဆုံးသူအတွက်

*To My one and only love*"

ဆိုတဲ့ ကဒ်ကလေးတွေ ရောင်းနေတာတွေ့တော့ ဈေးသည်ရဲ့ သူငယ်ချင်းက ...

"ဒါတွေက ရောင်းရရဲ့လားကွာ"

"ရောင်းရပါတယ်၊ ကောင်လေးတွေ၊ ကောင်မလေးတွေက တစ်ခါတစ်ခါဝယ်ရင် တစ်ဒါဇင်ဆိုတာ အနည်းဆုံးပဲ"





www.burmeseclassic.com

www.burmeseclassic.com



## စေတနာ

"ရှင် ... ကျွန်မတစ်ယောက်တည်းကို ချစ်တာ သေချာရဲ့လား၊ တခြား ချစ်သူမရှိဘူးနော်"

"အလိမ်မခံချင်ရင် အဲဒီမေးခွန်းမျိုး မမေးရဘူးအချစ်ရယ်"



## ချစ်သူတို့အကြောင်း

သူငယ်ချင်းနှစ်ယောက်ဆုံ မိတော့

"စိတ်ညစ်တယ်ကွာ ကိုယ့်ချစ်သူက ကိုယ့်ကို အမြဲတမ်း လိမ်နေတာပဲ"

"ဟုတ်လား"

"မင်းချစ်သူကရော မင်းကို အမြဲတမ်း လိမ်ပြောနေတာပဲလား"

"ဟင့်အင်း ... ကိုယ်က တစ်ခုခု မေးမှပါ"


ကံချွန်စာပေထိုက်



## အသစ်

"မနေ့က မင်းရဲ့ ချစ်သူ ဝတ်လာတာ ဝတ်စုံအသစ်မဟုတ်လား အရင်က သူဝတ်တာ မမြင်ဖူးပါဘူး"

"ဝတ်စုံအသစ်မဟုတ်ပါဘူးကွာ၊ မနေ့က မင်းမြင်တာ ချစ်သူအသစ်ပါ"



## ကံကောင်းသူများ

"အမျိုးသားတွေ လူပျိုကြီး ဖြစ်နေတာ ဘာလို့လဲ"

"အမျိုးသမီးတွေ ကံကောင်းလို့ပါ"

"အမျိုးသားတွေ အိမ်ထောင်ကျတာရော"

"အမျိုးသမီးတွေ ကံကောင်းလို့ပဲ"

"ဒါဖြင့် ကံကောင်းတဲ့ အမျိုးသား မရှိဘူးပေါ့"

"ရှိပါတယ်။ တခုလပ်"

ကံချွန်စာပေထိုက်

www.burmeseclassic.com

www.burmeseclassic.com



## တောင်းဝန်ပါတယ်

"မင်းနဲ့တွဲလာတဲ့ ကောင်မလေးက တအားလှတယ်ကွာ အရမ်းကို ကျက်သရေရှိတာ၊ ငါ့တစ်သက်မှာတော့ မတွေ့ဖူးဘူး၊ အသားအရေရော၊ နှုတ်ခမ်းပါးရော ကိုယ်လုံးကိုယ်ပေါက်ရော၊ ငါ့စိတ်ထဲမှာ သူ့လက်မောင်းလေးပေါ် များ လိပ်ပြာနားလိုက်ရင် အသားလေးတွေ ပွန်းသွားမလားလို့တောင် ထင်မိတယ်"

"ခုလိုပြောတာ ကျေးဇူးတင်ပါတယ်ကွာ၊ ဒါပေမယ့် ဒီစကားတွေကို ငါ့ရည်းစားရှေ့မှာ ပြန်မပြောပါနဲ့"

"မင်းရည်းစားမှ ငါမသိတာ"

"အဲဒါ ငါ့ရည်းစားပဲလေ"







## အကျင့်မရှိလို့ပါ

"ကိုယ့်အချစ်က ကမ္ဘာဦးလူသားတွေလို သန့်စင်ပါတယ်။ ဂုဏ်မပါဘူး၊ ပကာသန မပါဘူး၊ အဆောင် အယောင် မပါဘူး၊တိုက်ကိုချစ်တာ မဟုတ်ဘူး၊ ငွေကိုချစ်တာမဟုတ်ဘူး"

"ကျွန်မ ဂူထဲတော့ မနေနိုင်ဘူးနော်"



## ထူးပါတယ်

"ကိုယ့်အမျိုးသမီးက တစ်နေ့ တစ်ခြား ဝလိုက်လာလို့ လမ်းလျှောက်စက်ဝယ်ပေးထားရတယ်ကွာ"

"ထူးခြားရဲ့လား"

"လမ်းလျှောက်စက်က ဘီးလုံးတွေတော့ အတော်သေးလိုက်လာတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



## ဘေးအခြင်

မိန်းကလေး သူငယ်ချင်း နှစ်ယောက် ဆုံမိတော့

"ငါ့အမျိုးသားက ငါ့ကို ကမ္ဘာပေါ်မှာ အလှဆုံးလို့ပြောတယ်ကွ"

"ဩော် ... သနားပါတယ်၊ မင်းအမျိုးသားက မျက်စိ အတော်မှုန်တာပဲနော် "



✿ ✿ ✿

## တော်သေးရဲ့

"တိုက်တိုက်ဆိုင်ဆိုင်ကွာ ငါ့ရှေ့တစ် ငါးယောက်မှာမလောင်ကြီး ခွေးကိုက်ခံရလို့"

"အဲဒါ စိုးရိမ်ရတယ်"

"မစိုးရိမ်ပါနဲ့ကွာ ခွေးက လွတ်အောင် ပြေးနိုင်ပါတယ်"

✿ ✿ ✿





## ပြောင်းသွားပြီ

"ဟိုးအရင်က သမီးရည်းစား ဘဝမှာ ကိုယ့်ချစ်သူကို အလှဆုံးထင်ပြီး အိမ်ထောင်ကျသွားတာနဲ့ ကိုယ့်ဇနီးက လွဲရင် အကုန်လှတယ်လို့ပြောကြတာ"

"ခုရော ..."

"ခုတော့ ကိုယ့်ရည်းစားက လွဲရင် အကုန်လှနေတာပါပဲကွာ ..."



✿ ✿ ✿

## စိတ်ချ

"ရှင် ... ကျွန်မကို ချစ်တယ်ဆိုတာ သေချာရဲ့လား"

"သေချာပါတယ်ကွာ"

"ကျွန်မကြားတာကတော့ ရှင့်မှာ ရည်းစားသုံးယောက်တောင် ရှိတယ်ဆို"

"မင်းကို ချစ်ရေးဆိုတာ သိသွားပြီး သူတို့က အဆက်ဖြတ်လိုက်ပါပြီ"

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com



## စဉ်းစားဖို့

"ဒီနေ့ လူငယ်တေးသံရှင်လေးတွေက 'အိမ်ထောင်ပြုဖို့ စိတ်ကူးမရှိသေးဘူး၊ ရည်းစားတောင်ထားပါတယ်' လို့ပြောကြတယ်လေ၊ အဲသလိုပြောတာအပေါ်ဘယ်လိုမြင်သလဲ၊ မိန်းကလေး တစ်ယောက်အနေနဲ့ "

"ကြွက်ဟာ ကြွက်နဲ့ပဲ ညားပါတယ်ရှင်"



## အိမ်ထောင်မကျမီနှင့် ကျပြီး

အမျိုးသမီး – ကျွန်မကတော့ . . .
အိမ်ထောင် မကျမချင်း
အနာဂတ် အတွက်
တွေးပူနေရတာပဲမောင်။

အမျိုးသား – ကိုယ်ကတော့ . . .
အိမ်ထောင်ကျပြီးတာနဲ့
အနာဂတ် အတွက်
တွေးပူရမှာ။

ကံချွန်စာပေတိုက်



## မအံ့သြနဲ့

သူငယ်ချင်းနှစ်ယောက်ဆုံမိတော့

"မင်းရဲ့အသက် ၂၀ ပြည့် မွေးနေ့မှာ တစ်ခုမေးမယ်၊ မှန်မှန်ပြောနော် "


"မေးလေ"

"ရည်းစားထားသက်က ဘယ်လောက် ရှိပြီလဲ"

"ရှစ်နှစ်"

"ဟယ် ... ၁၂နှစ်ကတည်းက စပြီး ရည်းစားထားတာပေါ့"

"မဟုတ်ပါဘူး၊ ၁၈ နှစ်မှပါ၊ လေးယောက်တစ်ပြိုင်တည်း ထားလိုက်လို့"



ကံချွန်စာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



## လိုရင်း

"လူငယ်တစ်ယောက်အတွက် ဘာအရေးအကြီးဆုံးလဲ"

"အချစ်"


"ပညာ"

"ငွေ"

"အလုပ်အကိုင်"

"စားဝတ်နေရေး"

"ငါတော့ အဲဒါတွေအားလုံး ပြည့်စုံအောင် သူဌေးသမီးပိုးနေတာပဲကွာ"



## အားကိုးပါရစေ

"လေး ... လေးကို မောင် လက်ထပ်ချင်ပြီကွာ အချိန်ဆွဲမနေချင်တော့ဘူး"

"မောင်လျှောက်ထားတဲ့ အလုပ်ကမရသေးဘူးဆို"

"အဲဒါကြောင့်ပေါ့ကွာ"





## အင်တာဗျူး

"လာပါဦးကွယ် မင်းနဲ့ ငါ့သမီးနဲ့ ကြိုက်နေတယ်ဆို"

"ဟုတ်ကဲ့"

"အမှန်အတိုင်းဖြေနော် ငါ့သမီးကို ချစ်တာလား၊ ငါ့ရဲ့ငွေတွေကို ချစ်တာလား"

"ကိုယ့်ချစ်သူနဲ့ ပတ်သက်သမျှကို တန်ဖိုးထားတတ်ပါတယ် ဒေါ်ဒေါ်"



## အချစ်အတွက် အချစ်သက်သေ

"ရှင့်မှာ ဒါလောက် ရည်းစားတွေ များနေတာ ရှင့်ရဲ့ အချစ်ကို ဘယ်လို လုပ်ယုံရမှာလဲ"

"ကွဲသွားတဲ့ ရည်းစားတွေကို မေးကြည့်ပါကွာ၊ သူတို့က ကိုယ့်ကို မုန်းသွားကြတာပါ၊ ကိုယ်က ဘယ်သူ့ကိုမှ မုန်းတယ်လို့ မပြောဖူးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



## ယုံရခက်ခက်

"နာမည်လေး သိပါရစေ"

"ရှင် ကျွန်မကို တကယ်စိတ်ဝင်စားတာဟုတ်ရဲ့လား"

"တကယ်စိတ်ဝင်စား တာပါကွာ"

"တကယ်စိတ်ဝင်စားရင် ကျွန်မနာမည်လောက်တော့ သိအောင် စုံစမ်းပြီးဖြစ်ရမှာပေါ့ရှင်"

## ချစ်တတ်သူ

■ "မင်းဟာကိုယ့်ရဲ့ တစ်ဦးတည်းသောချစ်သူပါ"ဆိုတဲ့ အမှတ်တရ ကဒ်လေးတွေရှိသလား။

□ ရှိပါတယ်။

■ တစ်ဒါဇင်လောက်။







## သင်ခန်းစာ -၁

"မေတ္တာဆိုတာ အလျားအနံမရှိပေမယ့် အသွားအပြန်ရှိသတဲ့"

"ဒါဖြင့် ဘောလုံးလို နေမှာပေါ့"

"ကိုယ့်အချစ်ကို မလှောင်ပါနဲ့ကွာ"


"မလှောင်ပါဘူးရှင်၊ ပျံလိုရာပျံ၊ ကြွလိုရာကြွ"

"ကိုယ့်ကို မရက်စက်ချင်ပါနဲ့"

"သက်သေမရှိဘဲ စွဲချက်တင်လို့မရဘူးရှင့်"

"ကိုယ်နောက်ဆို မင်းနောက်မလိုက်တော့ပါဘူးကွာ၊ စိတ်ချ မင်းကိုမြင်တာနဲ့ ကိုယ်ဝေးဝေးက ရှောင်သွားမယ်"

"သုံးမီနစ်လောက်တောင် သည်းမခံနိုင်တဲ့သူကို ကျွန်မဘဝ တစ်သက်လုံး လက်တွဲဖို့ ဘယ်လိုလုပ် ဖြစ်ပါ့မလဲရှင်"





www.burmeseclassic.com

www.burmeseclassic.com




## မောင့်ရင်ထဲမှာ

"ရှင်ကျွန်မကို တကယ်ချစ်တာလား"

"တကယ်ချစ်တာပါ"

"ကျွန်မလိမ်တာကို မုန်းတယ်နော်"

"ဟာ ... မင်းဘယ်လိုလုပ် သိသွားတာလဲ"



## သူက သာတယ်

"မင်းရဲ့ချစ်သူက မင်းရှေ့မှာသာ ရိုးရိုးလေးနေပြီး မင်းပြောတာ နားထောင်ပြနေတာ"

"အဲဒါကြောင့်ချစ်ရတာပေါ့ကွာ၊ အရင်ငနဲတုန်းက ကိုယ့်ရှေ့မှာကို သူနေချင်သလိုနေတာကွ"





## ကျေးဇူးရှင်

"မင်းရဲ့ကောင်မလေး မင်းရဲ့ ကျေးဇူးရှင်နဲ့ ပြောင်းတွဲနေတယ်ဆို"

"အင်း"

"ဘယ်သူလဲ"

"သူကိုတော့ ငါမသိပါဘူးကွာ၊ ငါ့ရဲ့ဒုက္ခကို သူဖယ်ရှားပေးလိုက်တာပဲ"



## သူ့ဘာရှိတာမှတ်လို့

"မင်းတို့ ဘာလို့ မတွဲတော့တာလဲ"

"သူက သူဌေးသားတဲ့ကွ၊ ငါက သူဌေးမှတ်နေတာ"



www.burmeseclassic.com

www.burmeseclassic.com




## ကန့်သတ်ဧရိယာ

"တို့ ကစားရအောင်လား"

"ဘယ်လိုကစားချင်လို့လဲ"

"မောင်က စူးစမ်းရှာဖွေလေ့လာသူလုပ်မယ်၊ မ,က ကမ္ဘာမြေလုပ်"

"ကစားလေ၊ စူးစမ်းရှာဖွေသူတွေက ဝင်ရိုးစွန်းဒေသတွေမှာပဲ လေ့လာကြတာနော်၊ အီကွေတာမပါဘူး"



## သိပ်ါရစေ

"ကျွန်မကိုချစ်တဲ့သူတွေက ချစ်ရေးမဆိုချင်မှာ အမြဲလက်ဆောင်တွေ ပေးလေ့ရှိတယ်"

"မချစ်ဘူးလို့ ငြင်းလိုက်တဲ့ အခါမှာရော ယူထားတဲ့လက်ဆောင်ကို ပြန်ပေးမှာလား"





## မဒိုမယ့်အချစ်

"မောင့်ရဲ့အချစ်က အမြဲတမ်း နုပျိုနေမှာပါကွာ"

"ဒါဖြင့် ရှင် ကျွန်မကို ဘယ်တော့မှ လက်ထပ်ခွင့်မတောင်းတော့ဘူးပေါ့"



## ရင်လေးတယ်

"မင်းရဲ့ မိဘတွေက သိန်းနှစ်ရာလောက် ချမ်းသာတယ်ဆို"

"ဟုတ်တယ်လေ"

"မောင်ခုမှ သိတယ်ကွာ၊ မင်း မောင့်ကို လက်ထပ်နိုင်ပါ့မလား"

"အခြေအနေအရပေါ့မောင်ရယ်"

"ပေါ့ပေါ့ မပြောပါနဲ့ကွာ မင်းကို စွန့်လွှတ်လိုက်ရတာနဲ့ မင်းနဲ့အတူ သိန်းနှစ်ရာပါ ပါသွားမှာ"



www.burmeseclassic.com

www.burmeseclassic.com



## စဉ်းစားပါရစေဦး

■ "ဒီမှာ ..."
□ "ကျွန်မမှာ ချစ်သူရှိတယ်"
■ "ကို့မှာ မရှိဘူးလေ"
□ "ကျွန်မက ရှင့်ကို မချစ်နိုင်ဘူး"
■ "ကိုကတော့ ချစ်နိုင်ပါတယ်"
□ "ကဲ...ဒါဖြင့် လက်ထပ်မလား"
■ " × × × × ×"။



## ရှင်ပဲဖြေ

■ "မင်းက ငွေရှိတဲ့ သူကိုမှ ချစ်ချင်တာလား"
□ "အဲဒီမေးခွန်းကို ကိုယ့်ဟာကိုယ် ပြန်မေးကြည့်ပါဦးရှင်"





## မင်းပဲပြော

■ "သူငယ်ချင်း ... ဆင်းရဲတဲ့သူ က ချမ်းသာတဲ့သူကို ချစ်လို့မရဘူးလား"
□ "ဘယ်သူကဆင်းရဲတာလဲ။ မင်းကလား၊ ကောင်မလေးကလား ရှင်းအောင်ပြောဦး"



## မိန်းမကြိုက်တော့

"မင်းရဲ့ အမျိုးသားက ချစ်ရေးဆိုတာကို မင်းက တစ်ကြိမ်တည်းနဲ့ လက်ခံလိုက်တာလား"

"ဟင့်အင်း ... သူကချစ်ရေးဆိုရင် လက်ခံမယ့်အကြောင်း ကြိုပြောလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



## ယောက်ျားရဲ့စကား

"ငါကတော့ ငါ့အမျိုးသားပြောတဲ့ စကားကို ဒီဘက်နားကသွင်းပြီး ဟိုဘက် နားက ပြန်ထုတ်ပစ်လိုက်တာပဲ"

"ကိုယ်ကတော့ နားနှစ်ဘက်လုံး ကသွင်းပြီး ပါးစပ်ကပြန်ထုတ်တာ"



## ဟောတော့

ချစ်သူဆေးရုံတက်ရတယ် ကြားလို့ ကောင်မလေးက ဆေးရုံလိုက်သွားပြီး –

"ဒေါက်တာ ... ကိုကိုအောင်ဆိုတဲ့ လူနာ ဘယ်အခန်းမှာ ရှိမလဲဟင်၊ မနေ့က တက်တဲ့လူနာပါ"

"ကလေးမနဲ့ ဘယ်လိုပတ်သက် သလဲ"

"ကျွန်မရဲ့ အစ်ကိုပါ"

"ခုလိုတွေ့ရတာ ဝမ်းသာပါတယ်၊ ကျုပ်က ကိုကိုအောင်ရဲ့ အဖေပါ"





## ခွင့်လွှတ်ပြီးပြီ

"မင်းဒီကောင်မလေးကို တကယ် ချစ်တာလား"

"အင်း"

"ဒါဆိုမင်းမှာ အရင်က ရည်းစားရှိခဲ့ဖူးတဲ့ အကြောင်း ပြောပြသင့်တယ်၊ နောက်မှသိသွားရင် ပြဿနာဖြစ်မယ်"

"မပူပါနဲ့ကွာ။ သူက ကိုယ့် ရည်းစားရဲ့ သူငယ်ချင်းပါ"



## သတ်ပုံမှားတဲ့ အချစ်

"ရှင့်ပုံစံကို ဖေဖေက ကြိုက်မှာ မဟုတ်ဘူး"

"ဟာ လွဲနေပြီ၊ ကိုက မင်းကို ချစ်ရေးဆိုနေတာလေ၊ မင်းရဲ့ ဖေဖေနဲ့ အောင်သွယ်နိုင်းနေတာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



## အပြစ်လား

"မရဲ့ မိဘတွေကိုမေးကြည့် စမ်းပါကွာ၊ ငွေမရှိတဲ့လူကို ချစ်မိတာ အပြစ်လားလို့"

"မေမေတို့ကလည်း အမေးခိုင်းနေတာပဲ၊ ချမ်းသာတဲ့သူနဲ့ လက်ထပ်စေချင်တာ အပြစ်လားတဲ့"



## နားရက်မရှိသူ

"သမီးမှာ ချစ်သူတွေ့နေပြီဖေဖေ"

"တစ်ရက်လောက်မှ ဆုံမယ်လေ၊ သမီးချစ်သူမှာ နားရက်ရှိသလား၊ ဘာလုပ်သလဲ၊ ဘယ်နေ့နားသလဲ"

"သူ့မှာ နားရက်မရှိပါဘူး ဖေဖေ"

"ဘာလုပ်တာလဲ"

"အလုပ်မရှိသေးပါဘူးဖေဖေ၊ ဒါကြောင့် နားရက်ဆိုတာ မရှိတာပါ"





## ဒါလည်း စဉ်းစားစရာပဲ

"ရှင့်အသက် ဘယ်လောက်ရှိပြီလဲ"

"၂၅ နှစ်ပါ"

"ချစ်သူ ရှိဖူးသလား"

"မရှိဖူးပါဘူး"

"ဒါဖြင့် စဉ်းစားပါရစေဦးရှင်၊ ဒီအရွယ်ထိ ဘယ်မိန်းကလေးကမှ မချစ်တဲ့ရှင့်ကို ကျွန်မက ချစ်ရမယ်ဆိုတော့"



## အမေကိုယ်တိုင်ပြောမှတော့

"မနေ့ညက ကို တစ်ညလုံးအိပ်လို့မရဘူးကွာ"

"ကျွန်မယုံပါတယ်၊ ဘာလို့ယုံတယ်ဆိုတာရော မသိချင်ဘူးလား"

"သိချင်တာပေါ့"

"မနက်တိုင်း ရှင့်အမေ အော်အော်နေတာလေ 'တစ်ညလုံး ဘယ်တွေလျှောက်သွားနေသလဲ' ဆိုပြီးတော့"



www.burmeseclassic.com


www.burmeseclassic.com



## အံကျပဲ

"ကျွန်မနဲ့ရည်းစားဖြစ်တိုင်း ကျွန်မ စကားများတဲ့ဒဏ်ကို မခံနိုင်တာနဲ့ ကွဲသွားကြတာ၊ ရှင်ကတော့ ကျွန်မဘာပြောပြော ပြုံးနေတာပဲ၊ ကျွန်မ သူငယ်ချင်းတွေကလည်း အံ့ဩနေတာ၊ ရှင့်သူငယ်ချင်းတွေကရော ကျွန်မနဲ့ ပတ်သက်ပြီး ဘာပြောသေးလဲဟင်"

"ဟိုလေ ... ကျယ်ကျယ်ပြောပါ မကြားရလို့"



## တူတယ်လေ

"ကျွန်မကို များ ရှင့်ရဲ့ အရင်ရည်းစားတွေလို မှတ်နေသလား"

"မင်းတို့ မိန်းကလေးတွေက ကို့ကို ပစ်သွားကာနီးတိုင်း အဲသလို မေးကြတာပဲနော်"





## သူ့အတွေး

"ကိုယ်ကတော့ အိမ်ထောင်ပြုပြီဆိုရင် ကိုယ့်ထက်အရပ်ပုတဲ့ သူကိုပဲ ရွေးမှာ"

"ဘာလို့လဲ"

"ဒါမှ အမြဲ အပေါ်စီးက ကြည့်လို့ ရမှာကွ"



## ယုံပါ

"ကို မင်းကို တကယ်ချစ်တာပါ"

"စဉ်းစားပါဦးရှင်"

"ကိုက လက်တွေ့သမားပါကွာ မနေ့ကပဲ မင်းဖေဖေရဲ့ ဆီစက်ကို ရောက်ခဲ့ပြီးပြီ"



www.burmeseclassic.com

www.burmeseclassic.com



## မပူနဲ့

"ရှင် ကျွန်မကိုချစ်မိတဲ့အတွက် နောင်တရလိမ့်မယ်"

"အဲဒီအတွက် စိတ်မပူပါနဲ့ကွာ အရင်ကရည်းစားတွေတုန်းကတော့ သူတို့ချည်းနောင်တရသွားကြတာပဲ"



## နှစ်ယောက်တည်းဆိုရင်

"ရှင့်ရဲ့အချစ်ကို ဘယ်လိုသက်သေပြမလဲ"

"မင်းနဲ့နေရမယ်ဆိုရင် မင်းတို့အခုနေတဲ့ တိုက်မှာပဲဖြစ်ဖြစ် ... နောက်ဝယ်ထားတဲ့ခြံမှာပဲဖြစ်ဖြစ်... ပြင်ဦးလွင်က တိုက်မှာပဲဖြစ်ဖြစ် မောင် လိုက်နေရဲပါတယ်"





## ကမ္ဘာကျော်အချစ်

"မ"

"ဘာလဲ ရှင်ကျွန်မကို ရည်းစားစကားပြောမလို့လား"

"သတင်းပေးမလို့ပါကွာ၊ ဒဗလျူ ဒဗလျူ ဒဗလျူ ဒေါ့ထ် လဗ်ဟီးရိုး ဒေါ့ထ် ကော့မ်မှာ ကို့ရဲ့ အချစ်ဖြစ်ပေါ်တိုးတက်မှုကို တင်ထားလို့"



## ချစ်လို့ရပါတယ်

"နာမည်လေး သိပါရစေ"

"ဘာ လုပ်ဖို့လဲ"

"ချစ်ရေးဆိုချင်လို့ပါ"

"မပြောဖူးဆိုရင်ရော"

"ကိုကပဲ ပြောရမှာပေါ့ ကိုယ့်နာမည် ရီနော့်ပါ"



www.burmeseclassic.com

www.burmeseclassic.com



## ကြောက်တယ်

"ဟိုနေ့က မင်းကိုလိုက်ပြီး ချစ်ရေး ဆိုလို့ ဆို"

"အင်း"

"သူထွက်ပြေးအောင် မင်းဘယ်လို ပြောလွှတ်လိုက်တာလဲ"

"ကျွန်မ်တို့ လက်ထပ်မလားလို့ မေးလိုက်တာ"



## နောက်မှ ချော့ပါရစေ

"ရှင်ဟာ စိတ်ကောက်နေတဲ့ ကိုယ့်ချစ်သူကိုတောင် ဘယ်လိုချော့ရ မှန်း မသိဘူးလား"

"ငွေမရှိလို့ပေါ့ကွာ"





## မတူဘူး

"ငါ့သား ... လာပါဦး"

"ပြောပါဖေဖေ"


"မင်းအမေက မင်းကို ရည်းစား မထားဖို့ပြောတော့ မင်းက ယောကျ်ား လေးပဲ အရှုံးမရှိပါဘူးလို့ ပြန်ပြော တယ်ဆို"

"ဟုတ်ကဲ့"

"နောက်မပြောနဲ့၊ အဲဒီစကားက ပြောသင့်တဲ့ အခြေအနေမှ ပြောလို့ရ တာကွ"

"ဖေဖေလည်း ဒီလိုပြောခဲ့တာပဲ မဟုတ်လား"

"မင်းအမေက ချမ်းသာတယ် လေ"





www.burmeseclassic.com

www.burmeseclassic.com



## အခြေအနေ

နားမကြားရလို့လာပြီး ဆေးကုတော့ ဆေးတွေစားဖို့ ပေးသလို နားကျပ် ကလေးပါတပ်ပေးလိုက်တယ်။ နောက်ရက်မှာ –

“ဘယ်လိုနေသေးလဲ”

“တောင်ခြေက ကျောက်ထုတ် ဖို့ မိုင်းခွဲတာတော့ သဲ့သဲ့ကြားရတယ်”

“တောင်ခြေနဲ့ ဘယ်လောက် ဝေးသလဲ”

“ပေ လေးငါးဆယ်လောက်တော့ ဝေးပါတယ်”



## ပျောက်မှဖြစ်မှာ

“ကျွန်တော်နားခေါင်းက အနံ့ကောင်းကောင်းမရဘူးဆရာ”

“အဲဒါ ခင်ဗျားအတွက် အတော်အရေးကြီးသလား”

“ကြီးတယ်ဆရာ၊ အကျီမှာ ရေမွှေးနံ့၊ မိတ်ကပ်နံ့ ပါလာတာ မသိလို့ နေတိုင်းလိုလို လင်မယားစကားများနေရတယ်”






## အပိုဖြစ်တဲ့ သွား

သွားကိုက် သွားနာ သွားဖုံး တွေ ယောင်နေလို့ သွားတွေ အကုန်နုတ် အသစ် ပြန်စိုက်လိုက်ရတဲ့ လူက ...

“ကဲ မိန်းမ ... မင်းကြိုက်တဲ့ အသားငါး ချက်ချင်ရာချက်စမ်း၊ ငါ ကောင်းကောင်းကြီးဝါးပြမယ်”

“သွားစိုက်ခပေးရလို့ ရှိတာလေး က ကုန်ပြီတော့ ဘာအသားငါးမှ မရှိဘူး”

“ဒီလိုမှန်းသိရင် မစိုက်ပါဘူးကွာ”





www.burmeseclassic.com

www.burmeseclassic.com



## မကြားတာက ခပ်ကောင်းကောင်း

မိန်းမဖြစ်သူက နားလေးတဲ့ ယောက်ျားကို မှာထားတယ်။ အမေတို့ အလည်လာရင် ပြုံးပြုံးရွှင်ရွှင်နဲ့ ဖော်ဖော်ရွေရွေ ပြောနော်၊ ကောင်းပါတယ်၊ ကျေနပ်ပါတယ် ဆိုတာတွေပဲပြော ဆိုပြီး မှာထားတယ်၊ ဒီလိုနဲ့ ယောက္ခမရောက်လာတော့ –

"ငါ့ကွယ် မမျှော်လင့်ဘဲ ဖျားလိုက်တာ အတော့်ကို ခံလိုက်ရတယ်" ဆိုတော့ ဘာပြောမှန်း မသိပေမယ့်

"ကောင်းတာပေါ့ခင်ဗျာ"

လို့ဝင်ပြောတယ်။ ဒီတော့

"မင်းက ငါ့ကို ချက်ချင်း လှည့် ပြန်စေချင်တာထင်တယ်"

"ဟုတ်ပါတယ်ခင်ဗျာ"

အဲဒီတင် မိန်းမက ဆွဲဆိတ် လိုက်တယ်။ ယောက္ခမက

"စတာတော့ မဟုတ်ပါဘူးနော်"

ဟုတ်ပါတယ်ပြောလို့ ဆွဲဆိတ်ခံထားရတော့ ယောကျ်ားက

"မဟုတ်ပါဘူးခင်ဗျာ"







ဒီတော့ "ညည်းယောက်ျားက နား လေးတာအခွင့်ကောင်းယူပြီး ငါ့ကို နှင် နေတာပဲ"ဆိုပြီးထပြန်သွားသတဲ့။

## ဖြစ်ရမယ်

"ကဲ ပြော ဘယ်လိုဖြစ်တာလဲ"

"ထမင်းစားရင် နင် နင်နေတယ် ဆရာ၊ မြိုမကျဘူး"

"နာသေးလား"

"နာတော့ မနာဘူး"

"ဘယ်လိုအခါ နင်တာလဲ ကိုယ်မကြိုက်တဲ့ အနံ့ပါတာ စားမိတဲ့အခါမျိုးလား"

"အဲသလိုတော့ မဟုတ်ပါဘူးဆရာ ကိုယ်ကြိုက်တဲ့ အစားအစာတွေမှာကိုပဲ နင် နင်နေတာ"

(ဆရာဝန်က ခဏစဉ်းစားလိုက်ပြီး ...)

"ခင်ဗျားထမင်းစားချိန်မှာ ခင်ဗျားမိန်းမက အနားလာပြီး ဈေးဖိုး တွက်တွက်ပြတယ်မဟုတ်လား"





www.burmeseclassic.com

## ညစ်သွားပြီ

“စိတ်ညစ်တယ်ဆရာ”

“ဘာလို့ စိတ်ညစ်ရတာလဲ”

“ကိုယ်တွေ လက်တွေ ကိုက်တယ်၊ နေလို့မကောင်းဘူး၊ ခါးနာတယ်၊ ဗိုက်အောင့်တယ်၊ ခေါင်းမူးတယ်၊ တအားကို စိတ်ညစ်တယ်ဆရာ”

“မပူပါနဲ့ဗျာ၊ အဲဒါတွေအားလုံး ပျောက်အောင် ကုပေးပါ့မယ်၊ စိုးရိမ်စရာရောဂါတွေမှ မဟုတ်တာ၊ စိတ်မညစ်ပါနဲ့”

“ရောဂါတွေက ကုလိုက်ရင် ပျောက်မယ်ဆိုတာတော့ သိတာပေါ့၊ ဆေးကုဖို့ ငွေမရှိတာကို စိတ်ညစ်နေတာ”



ကာ်ချွန်စာပေတိုက်



## သက်သာနိုင်ရိုးလား

သူနာပြုဆရာမလေးက လူနာကို

“ကျွန်မပြုစုလို့ မသက်သာဘူးဆိုတဲ့ လူနာမရှိဘူး၊ ရှင်က မသက်သာဘူးဆိုတော့ ကျွန်မတစ်ခုခုများ လိုနေပြီလားလို့ စဉ်းစားနေမိတယ်၊ ဆေးလည်းအတိအကျတိုက်နေတာပဲ”

“ဆရာမကြောင့်မဟုတ်ပါဘူး ဆရာမ စိတ်သက်သောင့်သက်သာထားပါ”

“ဒါဖြင့် ဘာလို့ မသက်သာရတာလဲ”

“မိန်းမနဲ့ အတူတူပါလာတာ ကျွန်တော့် ယောက္ခမကြီးလေ”



ကာ်ချွန်စာပေတိုက်

www.burmeseclassic.com



## အကြိုက်ပေါ့

"ကျွန်တော်တို့အထူးကုဆေးခန်းကြီးကို အပန်းဖြေနားနေခန်းကြီး တစ်ခုလိုဖြစ်အောင်ထိ ပြုပြင်ပြောင်းလဲလိုက်မယ်ဆိုရင် လူနာတွေအနေနဲ့ ဘယ်လိုသဘောရမယ်ထင်သလဲ"

"ကျွန်မရဲ့ လူနာကတော့ ပြောတယ် ဆရာ။ အဲသလိုပြောင်းလဲပြီးရင် ဖောက်သည်လူနာတွေကို လူမနာလည်း ဆက်ထားသင့်တယ်တဲ့"



## အတိုတွေ အများကြီး

မီးရထားနဲ့ ခရီးသွားတဲ့ လူတစ်ယောက်က ဘူတာစဉ်တိုင်း ရထားပေါ်ကဆင်းတယ်။ ထွက်တော့မယ်ဆိုမှ ပြန်တက်တယ်။ ဒီတော့ အတူထိုင်တဲ့ ခရီးသည်က –

"ဘာလို့ ဘူတာစဉ်တိုင်း ဆင်းလိုက်၊ တက်လိုက် လုပ်နေရတာလဲ"

"ဆရာဝန်က ခရီးဝေး မသွားရဘူးလို့ မှာထားလို့ပါ"





## မှတ်မိသလောက်

"အဘ ... အသက်ရှည်အောင် ဘယ်လိုနေသလဲ၊ ၉၇နှစ်ရှိပြီဆိုတော့"

"ပြောရမှာခက်တယ်ကွယ့်။ မေ့တာတွေက များနေပြီ၊ ကိုယ့်အမူအကျင့် ကိုယ်ပြန်တွေးလို့မရ တော့ဘူး"

"မှတ်မိသလောက်ပေါ့ တွေးကြည့်ပါဦး"

"အင်း ... ရွာတောင်ပိုင်းက မိဖျင်းခြေတံရှည်လို့ မိဖျင်းလို့ ခေါ်တာ ... ထိန်စုရွာက သာလိကာ စကားအလွန်ပေါတာ။ လူသာလိကာ။ ငှက်မဟုတ်ဘူး။ ဆက်စဉ်းစားရင်တော့ နောက်ထပ် လေးငါးယောက်တော့ ရဦးမယ်"





www.burmeseclassic.com

www.burmeseclassic.com



## ကျန်းမာရဲ့လား

"အဘ ... အသက်ဘယ်လောက်ရှိပြီလဲ"

"၇၀"

"အိမ်ထောင်သက်က ..."

"၈၀"

"ဗျာ"

"အသက် ၂၀ မှာတစ်ယောက်ယူတယ်။ အသက် ၄၀ မှာ နောက်တစ်ယောက်ယူတယ်"



## ရူးနိုင်တယ်

"ဆရာ လူနာပြချင်လို့"

"ကျွန်တော်က စိတ်ရောဂါကု ဆရာဝန်နော်"

"သိပါတယ်ဆရာ၊ ကျွန်မယောကျ်ားက ပုံမှန်မဟုတ်လို့ပါ"

"ဘယ်လိုဖြစ်သလဲ"

"ငွေမရှာချင်တော့ဘူးချည်းပြောနေလို့"





## အားနာလို့

ဆေးခန်းမှာ သူနာပြု ဆရာမလေးက ရောက်နှင့်ပြီး တံခါးဖွင့်၊ နံပတ်ပေး၊ ဆရာလာရင် အဆင်သင့်ကုနိုင်ဖို့ ပြင်ဆင်ပြီးချိန်မှာ ဆရာက ရောက်လာတော့ ...

"မင်္ဂလာပါဆရာ၊ ဒီနေ့ လူနာအတော်များတယ်"

"ဆရာမ"

"ရှင်"

"သတင်းပို့တာနဲ့ နှုတ်ဆက်တာကို ခွဲပြောပါဗျာ"





www.burmeseclassic.com

www.burmeseclassic.com



## သတ်မှတ်ချက်

စိတ်ကျန်းမာရေးဆေးရုံကို ရောက်လာတဲ့ ဆရာဝန်အသစ်ကလေးကို ကြည့်ပြီး လူနာနှစ်ယောက်က –

"သနားပါတယ်ကွာ၊ ငယ်ငယ်ရွယ်ရွယ်နဲ့ ဆရာဝန်ရူး ရူးနေတာ"

"သူစိတ်ချမ်းသာအောင် မေးရင်အလိုက်အထိုက်ဖြေပေးလိုက်ပါ"



## ဒါမှမဟုတ် မင်းငါ့ကိုဖြတ် ...

ဆေးခန်းကို ဆေးလိပ်သောက်ရင်း ရောက်လာတဲ့ လူနာကို ကြည့်ပြီး

"ခင်ဗျားဆေးလိပ်ဖြတ်ပါဆို ကျုပ်ပြောတာ ခဏ ခဏ"

"ဖြတ်မှာပါ ဆရာ"

"မဖြတ်နိုင်ရင်တော့ ကျုပ်ဆေးခန်းမလာနဲ့ဗျာ၊ ကျုပ်စမ်းသပ်ကုတင်ပေါ်က အိပ်ယာခင်းရော၊ ခေါင်းအုံးဖုံးရော မီးလောင်ပေါက်ချည်းပဲ"





## လိုလို့ပါ

"ဒီဆေးက ဆရာဝန်လက်မှတ် နဲ့မှ ရောင်းလို့ရတာပါ"

"ကျွန်တော်ကိုယ်တိုင်က ဆရာဝန်ပါ"

"ဘယ်သူသောက်မှာလဲ"

"ကျွန်တော့်လူနာအတွက်ပါ"

"ဒါဖြင့် လူနာရဲ့ လက်မှတ်ထိုးလေး ယူခဲ့ပါခင်ဗျာ"



## ကွာပုံက

■ ဆေးဆိုင်ဖွင့်ချင်ရင် အရင်းအနှီး ဘယ်လောက်လိုနိုင်သလဲ။

□ တိုင်းရင်းဆေးလား။ နိုင်ငံခြားဆေးလား။

■ ဘယ်လိုကွာသလဲ။

□ တိုင်းရင်းဆေးက ရောဂါ ၉၆ပါး အတွက်ပဲရှိတာ၊ နိုင်ငံခြားဆေးကတော့ ရောဂါတွေက ခုတစ်မျိုး၊ တော်ကြာတစ်မျိုး ပေါ်နေတာဆိုတော့ ...



www.burmeseclassic.com

www.burmeseclassic.com



## ထိရောက်ပုံက

"ဆေးကောင်းတော့ သန်းခေါင်းတဲ့၊ လက်တစ်ခုပ်ကြီးသောက်ဖို့ မလိုဘူး၊ သေးသေးလေးသောက်လိုက်တာနဲ့ ဆေးစွမ်းပြတာ၊ ဝါ့ဘကြီးဖော်ထားတဲ့ ဆေး"

"တို့ဘကြီးရဲ့ဆေးက ပိုစွမ်းတာပေါ့ သန်းခေါင်းလောက်ကို သောက်ဖို့ကို မလိုတာ၊ ရှူလိုက်တာနဲ့ ပျောက်ပဲ"

"မင်းတို့လို ပြောကြေးဆို တို့ အဘိုးက ပိုတောင်စွမ်းသေးတယ်၊ သောက်ဖို့လည်း မလိုဘူး၊ ရှူဖို့လည်း မလိုဘူး၊ သူ့စကားနားထောင်လိုက်တာနဲ့ ပျောက်တယ်"

"ဟုတ်ရဲ့လားကွာ"

"လက်တွေ့တွေ့ အများကြီးပဲ။ 'ရွာထိပ်က ဆရာသွားပင့်' ဆို တစ်ခွန်းပဲ ပြောလိုက်ကာ"



ကာချွန်စာပေတိုက်



## မစမ်းပါနဲ့

"ခင်ဗျား ချောင်းဆိုးသလား"

"မဆိုးဘူးဆရာ"

"ကိုယ်တွေ၊ လက်တွေ ကိုက်သလား"

"ဟင့်အင်း"

"ည ည အိပ်လို့ရရဲ့လား"

"ရပါတယ်"

"ကဲ ဒါဖြင့် တက် ... အိပ်၊ သွေးချိန်ကြည့်ရအောင်..."

"ကျွန်တော်က ဆရာ့ကို လာပင့်တာပါဆရာ"



## သတိ မကာဝ်နဲ့

"ဆရာမ"

"ဟုတ်ကဲ့ဆရာ"

"လူနာကို စမ်းသပ်ကြည့် ပြီးပြီလား"

"လူနာက စမ်းသပ်ချင်နေတယ်ဆရာ"

ကာချွန်စာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



## မရှိတဲ့ရောဂါ ရှာတွေ့တဲ့ ရောဂါ

ဆရာဝန်မလေးရဲ့ ဆေးခန်းကို လူတစ်ယောက်က ဝင်လာပြီး ...

"ဘာဖြစ်သလဲ"

"ဘာမှတော့ မဖြစ်သေးဘူး၊ တစ်ခုခုဖြစ်ချင်နေသလိုလိုပဲ၊ အဲဒါ စမ်းသပ်ပေးပါလား။ရင်ဘတ်ထဲက အောင့်တာ"

"ကဲ တက်အိပ် အဲဒီမှာ"

ဒေါက်တာမလေးက စမ်းသပ်ကြည့်တယ်၊ ဘာမှမဖြစ်ဘူးဆိုတာကို သိနေတယ်။ ဒီတော့ သစ်သားတူလေးကို ယူလိုက်ပြီး –

"ဒူးထောင်ပါ"

ဒူးကိုထုလိုက်သည်၊ ခပ်ပြင်းပြင်းထုတာ။

"နာသလား"

"အား နာတယ်"

"နာရင်ဘာမှ မဖြစ်ဘူး"








## အခွင့်ထူး

ကလေးနှစ်ယောက်စကားထာဝှက်တမ်း ကစားနေကြတယ်။

မေး – လူတွေကို အကျီချွတ်ခိုင်းပြီး ကိုင်ကြည့်တယ်၊ နောက်တော့ ပိုက်ဆံတောင်းတယ်၊ အဲဒါဘယ်သူလဲ။

ဖြေ – မသိဘူး။

မေး – အဲဒါ ငါ့အဖေ။ သူက ဆရာဝန်ကွ။



## ကလေးရောဂါ

အဘိုးကြီးတစ်ယောက်ကို ဆေးခန်းထဲ တွဲခေါ်လာတော့

"ကျွန်တော်က ကလေးအထူးကုပါ၊ လူကြီးရောဂါဆိုရင် ဟိုဘက်က ဆေးခန်းကိုသွားပြပါလား"

"ဟိုဘက်ကလည်း ဒီကိုသွားဖို့ ညွှန်လိုက်လို့ဆရာ၊ ကျွန်တော့် အဖိုးက သူငယ်ပြန်နေတာဆိုတော့"



www.burmeseclassic.com

www.burmeseclassic.com



## စမ်းမိတာများ

"စမ်းသပ်ခ ငါးရာပါ"

"ဘာရောဂါရှိသလဲဆရာ"

"ဘာမှ မရှိပါဘူးဗျာ"

"ဘာမှ မရှိလည်း ပေးရတာ ပဲလား ဆရာ"



## စဉ်းစားမိပြီလား

ဆရာဝန်က ကားလေဖြည့်ရင်း လေဖြည့်ဆိုင်က ဆိုင်းဘုတ်ကို ဖတ်မိတယ်။

ဘီးပေါက်ဖာ–၂၀၀ကျပ်

မတွေ့ – ၂၀၀ ကျပ် – ဆိုတာကိုး။ ဒီတော့ ဆရာဝန်က

"ဘီးပေါက်ဖာတာ ၂၀၀ ကတော့ ဟုတ်ပါပြီ။ အပေါက်မတွေ့လည်း ၂၀၀ ပေးရတာက ဘာလို့လဲ"

"ဆရာတို့ စမ်းသပ်ခလိုပေါ့ဆရာ"





## အပြောင်းအလဲ

ဆေးခန်းထဲမှာ –

"စမ်းသပ်ရအောင် အပေါ်အင်္ကျီ ချွတ်လိုက်ပါ"

"သမီးက လူနာလိုက်ပို့တာပါ။ လူနာက အမေ့ဒါပါကွယ်"

"ဒါဖြင့် လျှာထုတ်ပြပါ"



## လွဲတာက

မအီမလည်မျက်နှာနဲ့ အခန်းထဲကို ဝင်လာတဲ့ မိန်းမကြီးက –

"ဆရာ ကျွန်မ နေရထိုင်ရတာစ်မျိုးကြီးပဲ။ တစ်ခုခုလွဲနေသလို ခံစားနေရတယ် ဆရာ"

"ဟုတ်ကဲ့။ ပထမဆုံးလွဲနေတာက အခန်းပဲ။ ဆရာဝန်ရဲ့အခန်းက ဟိုဘက်မှာ"



www.burmeseclassic.com

www.burmeseclassic.com



## အရေမကြီးပါဘူး

အထူးကုဆေးခန်းကြီးမှာ

"ဘယ်သမားတော်ကြီးနဲ့ ပြချင်သလဲ"

"ရပါတယ်။ ဘယ်သမားတော်ကြီးနဲ့ဖြစ်ဖြစ်၊ ညစောင့်ကိုသာ ဟို တစ်ခါ ငှားတဲ့ ဆရာမလေးကိုပဲ လွှတ်ပေးပါ"

✻ ✻ ✻



## တကယ်မှန်တာပါ

- ■ ဆရာ မျက်စိစမ်းချင်လို့။
- □ မျက်စိဆရာဝန်ရဲ့ အခန်းက ဟိုဘက်ခန်းပါ။
- ■ ဟာ ... ဆောရီး ဆောရီး အန်ကယ်။
- □ ငါက မိန်းမကွယ့်။
- ■ တောင်းပန်ပါတယ်ခင်ဗျာ၊ သွားပါဦးမယ်။
- □ အို ဘယ့်နှယ် အိမ်ခန်းထဲ ဝင်ရတာလဲ။ ထွက်ပေါက်က ဟိုဘက်မှာ။

✻ ✻ ✻

ကာ့ချွန်စာပေထိုက်



## ရည်ရွယ်သည့်မှာ

ဆေးဆိုင်မှာ အဘိုးကြီးတစ်ယောက်က ...

"အားဆေးရှိသလား"

"ဘာအားဆေးလဲ၊ ကလေးတိုက်မှာလား၊ လူကြီးတိုက်မှာလား"

"သူငယ်ပြန်သောက်မှာ"

✻ ✻ ✻

## ရောဂါတူတယ်လေ

ဆေးခန်းမှာ ဆေးကုခံဖို့လာတဲ့ လူနာက သူ့အလှည့်မရောက်သေးတော့ သူ့ရှေ့ကလူနဲ့ရောဂါအကြောင်း ပြောနေကြတာပေါ့။ သူ့ဖြစ်တဲ့ရောဂါအကြောင်း ကိုယ့်ပြော၊ ကိုယ်ခံစားနေရတာ သူ့ပြော၊ ရှေ့ကလူက သူ့အလှည့်ရောက်တော့ ဝင်သွားတယ်။ နာရီဝက်လောက်ကြာတော့ ပြန်ထွက်လာရော။ ဒီတော့ သူက ဝင်သွားပြီး –

"ခု ကျွန်တော့်ရှေ့က လူကို ကုတဲ့ အတိုင်းသာ ကုပေးပါဆရာ"



✻ ✻ ✻

ကာ့ချွန်စာပေထိုက်

www.burmeseclassic.com

www.burmeseclassic.com



## သိအသာနေ

အဘိုးကြီးတစ်ယောက်က ဆေးဆိုင် မှာလာပြီး –

"ဟော့ကောင် ဟိုထိပ်ပြောင်ပြောင်နဲ့ အဘိုးကြီးလေ ဦးစံဗျော။ သူ့ကို သိသလား"

"ဟုတ် ... သိပါတယ်"

"သူသောက်နေကျဆေးပေးကွာ"

"အဘကလည်း လူကြီးအား ဆေးလိုသကိုး"

"မင်းကွာ... လူမသိစေချင်ပါဘူး ဆိုမှ"



ကံချွန်စာပေတိုက်



## ပေဒင်မတတ်ပေမယ့်သိတယ်

"ဆရာ ... ကျွန်မယောက်ျား အတွက် စိုးရိမ်ပြီး သောကရောက်နေလို့။ အိပ်လို့လည်းမရဘူး။ စားလို့လည်း မရဘူး။ သူ့အတွက်ပဲ စိုးရိမ်စိတ်ပူနေရတယ်"

"ဘာကိုစိတ်ပူတာလဲ"

"ကျွန်မနဲ့ လက်ထပ်ပြီးလို့မှမကြာသေးဘူး၊ နယ်ကို ရွှေ့သွားရတယ်လေ။ ကျွန်မကလည်း လိုက်မသွားနိုင်တော့ သူ့စားဝတ်နေရေး ကျန်းမာရေးတွေကို တွေးပြီး ... "

"အို ... လုံးဝမပူပါနဲ့။ သူဘာမှ မဖြစ်ပါဘူး၊ အားလုံးအဆင်ပြေနေမှာပါ။ သူဟာကုသိုလ်အလွန်ကောင်းသူပါ"



ကံချွန်စာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



## သူ့အထင်

နိုင်ငံခြားဆေးရုံကြီးကို သွားပြီး ဆေးကုသမှု ခံယူနေသူ တေးသံရှင်လေးဟာ တစ်ရေးနိုးမှာ ဆိုးဆိုးဝါးဝါး အသံဝင်သွားလို့ ဆရာဝန်ကြီးရဲ့ အခန်းကို သွားပြီး တံခါးခေါက်လိုက်သတဲ့။

"ဒေါက် … ဒေါက်… ဒေါက်"

"ဘယ်သူလဲ"

သူနာပြုဆရာမလေးက မေးရင်း တံခါးဖွင့်ပေးလိုက်တယ်။

"ဆရာကြီးရှိသလား"

"မရှိဘူး။ အိမ်ပြန်သွားတယ်။ ဝင်ခဲ့လေ"








## လုံခြုံဖို့

"အစ်မကြီးရဲ့ လူနာကို ဆက်စောင့်ပေးရဦးမယ်ဆိုရင် တစ်ထောင်ပိုပေးမှ စောင့်ပေးနိုင်မယ်"

"ဘာလို့လဲ"

"ကျွန်မကို စောင့်ပေးဖို့ တစ်ယောက် ထပ်ငှားရဦးမှာကြောင့်ပါ"



## သူ့ကြောင့်

"ဒီနေ့တော့ ညမှာ စောင့်ပေးဖို့ သူနာပြုမခေါ်ပါနဲ့တော့ကွာ"

"ဘာလို့လဲဟင်၊ ဆရာဝန်ပြောခေါ်ဖို့၊ ဆေးတိုက်ဖို့၊ ပြုစုဖို့ဆိုတာက သူနာပြုမှ ကျွမ်းကျင်မှာတော့"

"ငါအိပ်မပျော်လို့ပါကွာ။ တစ်ညလုံး သနပ်ခါးနံ့က ရနေတော့"



www.burmeseclassic.com

www.burmeseclassic.com



## ငြိမ်စေချင် ငြိမ်ဝါမယ့်

"မောင် ... မောင့်အတွက် သူနာပြု ဆရာမငှားခဲ့ပြီ။ မောင်လိုအပ်တာ မှန်သမျှ သူ့ကိုပြော။ တစ်ညလုံး မောင့်အနားမှာ သူရှိနေမှာပဲ။ မောင့်အတွက် စိတ်ချချင်လို့ ဆရာဝန်ကြီးကို ပြောပြပြီး အတော်ဆုံးဆိုတဲ့ သူနာပြုကို ခေါ်ခဲ့ရတာ။ ဒီဆရာမလေးက ကရာတေး ခါးပတ်နက်၊ ဂျူဒိုလည်း တတ်တယ်၊ သန်သန်မာမာယောကျ်ားကြီးတွေကို တောင် ကိုင်ပေါက်နိုင်တယ်တဲ့။ ကဲ ပြန်တော့မယ်နော်"

(နောက်ရက် မနက်ကျတော့ လူမမာက သူ့ဇနီးကို ပြောသတဲ့)

"ယားလို့တောင် မကုတ်ရဲပါဘူး ကွာ"







## နေကောင်းပါပြီ

"ဟဲလို မဂ်လာစကားပြောရဦးမယ်၊ အစ်မကြီးရဲ့ အမျိုးသားကို အိမ်ပြန်ခေါ်ချင်ရင် ရပြီ၊ သူကျန်းမာရေး ကောင်းသွားပြီ"

"အဟုတ်ကိုပြောတာလား ဆရာ၊ ဝမ်းသာလိုက်တာရှင်၊ ဆရာဒီမနက် စစ်ဆေးကြည့်ပြီးပြီပေါ့"

"သူနာပြုလေးက ပြောလို့ပါ၊ လူနာရဲ့ စိတ်ဟာရှင်လန်း တက်ကြွနေပါပြီတဲ့၊ သူ့ကိုလိပ်စာမေးသတဲ့"





www.burmeseclassic.com

www.burmeseclassic.com



## ခြေတစ်လှမ်းသာ

ဆေးရောင်းသူ — အဲဒီတံဆိပ်မရှိဘူး။ အာနိသင်ချင်းအတူတူပါပဲ။ အခြားတံဆိပ်ရှိပါတယ် ။

ဝယ်သူ — လက်သစ်ပေါ့။

ဆေးရောင်းသူ — ဒီနေ့ လက်သစ်ဆိုတဲ့စကား မသုံးတော့ဘူး။ အသစ်တွေက တစ်နေ့တစ်မျိုး ပေါ်နေတာ။

ဝယ်သူ — ဒါတောင် ဆေးမရှိတဲ့ ရောဂါအသစ်တွေ ရှိသေးတယ်နော်။

ဆေးရောင်းသူ — ရောဂါက တစ်နေ့ နှစ်မျိုးလောက် ပေါ်နေတာဗျ။







## ငြိမ်ခံမိလို့

အမျိုးသမီးကြီးတစ်ဦး သတိမေ့ပြီး ဆေးခန်းကို ရောက်လာတော့ ဆရာဝန်က –

"ဘယ်လိုဖြစ်တာလဲ"

"ကျွန်တော့်ကို စိတ်ဆိုးလွန်းလို့ သတိမေ့သွားတာပါ"

"ခင်ဗျားနဲ့ ဘယ်လိုပတ်သက်တာလဲ"

"ကျွန်တော်က သူ့ယောက်ျားပါ"

"ခင်ဗျားကို ဘာလို့ စိတ်ဆိုးတာလဲ။ သတိမေ့သွားလောက်အောင်ထိ ဒေါသဖြစ်သွားရတယ်ဆိုတော့"

"သူပြောသမျှ ငြိမ်ခံနေလို့ပါခင်ဗျာ တော်က ဟုတ်လို့ ငြိမ်ခံနေရတာပေါ့လေ ဆိုပြီးမေ့သွားတာပါ"





www.burmeseclassic.com

www.burmeseclassic.com



## ဈွောင်တခင် စစ်ဆေးခြင်း


"ဆရာ"

"ခင်ဗျာ"

"ကျွန်မယောက်ျား မနေ့က ဒီဆေးခန်းလာသလား"

"မလာဘူးခင်ဗျ"

"သေချာပါပြီ ဟိုသူနာပြုလေး ရှိတဲ့ ဆေးခန်းသွားတာပဲ ဖြစ်ရမယ်"



## ကာကွယ်ကြပါ

"သူငယ်ချင်း ငါ့ဘယ်ဘက်ဘေး အိမ်က ကောင်မလေးရော၊ ညာဘက်ဘေးအိမ်က အမျိုးသမီးကြီးရော ကျန်းမာရေး ဂရုစိုက်ဖို့ ပြောပေးစမ်းပါကွာ"

"ဘာလို့လဲ"

"ငါ့မိန်းမက တုတ်ကွေးက ကူးတတ် တယ်။ နီးနီးကပ်ကပ်နေလို့ မရဘူး။ ဟိုဟာတွေ တုတ်ကွေးဖြစ်လို့ ကတော့ တော်သတိထားနေပေရော့ လို့ ကြိမ်းနေလို့"





## လိုအပ်တယ်

"ဆရာ ကျွန်မရဲ့ ကျန်းမာရေး အတွက် တိတိကျကျ ညွှန်ပေးပါဆရာ၊ ဘာလုပ်သင့်တယ်ဆိုတာထက်၊ ဘာ လုပ်ရမယ်ဆိုပြီးတော့ပေါ့"

"ကောင်းပြီ။ တစ်အချက် ခင်ဗျားရဲ့ ကိုယ်အလေးချိန် ငါးပေါင်ချပါ။ နှစ်အချက် အချို၊ အဆိမ့်၊ ဆီ လျှော့စားပါ၊ ဒါကျွန်တော်ကိုယ်တိုင် ကျန်းမာရေးအတွက် ကျင့်သုံးနေတဲ့ နည်းပါ။ တတိယအချက် ခင်ဗျားလုပ်သင့်တာက မျက်စိစမ်းသပ် ကြည့်ပါ"

"မျက်စိမှုန်တာ ကျွန်မအတွက် သိပ်များ အရေးကြီးနေလို့လား"

"ကြီးပါတယ်၊ ကျွန်တော်က စာရေးဆရာပါ၊ ဆရာဝန်ရဲ့အခန်းက အောက်ထပ်မှာပါ။ ဆိုင်းဘုတ် ချိတ်ထားပါတယ်"





www.burmeseclassic.com

www.burmeseclassic.com



## မလွဲနိုင်ဘူး

"အတင်းပြောတာကို ဝါသနာပါတဲ့ အမျိုးသမီးတစ်ရာကို သုတေသန လုပ်ကြည့် သူတို့မှာ ထူးခြားတဲ့ သတ္တိတွေရှိတယ်။ ဖြေရှင်းရဲတယ်။ ဒါကြောင့် စိတ်ဖိစီးမှု မခံရဘူး"

"ဘယ်တုန်းကများ အမျိုးသမီး တစ်ရာကို သုတေသန လုပ်ကြည့် လိုက်တာလဲ"

"ငါ့မိန်းမကို သုတေသနလုပ်ကြည့်တာပါကွာ၊ သူက အမျိုးသမီးတစ်ရာ အင်အားနဲ့ ညီမျှတယ်လေ"







## ပိုကြောက်တယ်

"စိုးရိမ်ကြောက်လန့်မှုဟာ အမျိုးသမီးတွေနဲ့ အမျိုးသားတွေ ဘယ်သူတွေ မှာအဖြစ်များသလဲ"

"အမျိုးသားတွေမှာ အဖြစ်များတယ်"

"ဘယ်လိုသက်သေပြမလဲ"

"အမျိုးသမီးနဲ့ အမျိုးသား မင်္ဂလာဆောင်ပြီဆိုရင် ပထမဆုံးရက်မှာ အမျိုးသမီးတွေဟာ စိုးရိမ်ကြောက်လန့်မှု ရှိနေတတ်ပြီး အမျိုးသားတွေကတော့ လက်ထပ်ပြီးတဲ့နောက် ဒုတိယရက်ကစပြီး တစ်သက်လုံး ရှိနေတတ်တယ်"





www.burmeseclassic.com

www.burmeseclassic.com



# သီသားနဲ့

ကျန်းမာရေးပညာပေး ဟောပြောဖို့ ဆရာဝန် စာရေးဆရာကြီး တစ်ယောက်ကို ခေါ်ပြီး ဟောပြောပွဲ ကျင်းပတယ်။ အခမ်းအနားဖွင့် တော့ သဘာပတိကပြော၊ စီစဉ်သူကပြော၊ လူနာတစ်ယောက်ရဲ့ နောင်တဆိုပြီး ပြော၊ လူနာရဲ့ဇနီးက ခံစားမှုစကားဆိုပြီးပြောသွားရော၊ ဒီတော့ ဆရာဝန်ကြီး အလှည့်မှာ –

“ကျွန်တော့်ထက် ပိုသီနေကြသားနဲ့ ဘာလို့ ကျွန်တော့်ကို ခေါ်ကြတာလဲဗျာ”







# ပိုနာတယ်

စာပေဟောပြောပွဲက ပြန်လာတော့ စာရေးဆရာတစ်ဦးက အခမ်းအနားမှူးလုပ်တဲ့သူကို မကျေမနပ်ဖြစ်ပြီး –

“စဉ်းစားကြည့်ပါ။ ကျွန်တော်တို့အဖွဲ့မှာ ဦးလေးဝဟာ ခေါင်းဆောင်ပါ။ ဒါကို အခမ်းအနားမှူးက ခေါ်တော့ ပြောင်ချော်ချော်နဲ့။ ကိုယ့်အဖေအရွယ်တောင်မဟုတ်ဘူး။ အဘိုးအရွယ်လောက်ဟာကြီးကို”

အဲဒီအချိန်မှာ ဆရာဝန်ကြီးက

“ငါ့တူ ဦးလေးဝ သူခေါ်တာကို နာပါဘူးကွာ၊ သူက ရွယ်တူလို သဘောထားပြီး ဆက်ဆံလို့ ကျေနပ်ာတာ။ ခုမှနာတာ”





www.burmeseclassic.com

www.burmeseclassic.com



## ဖြစ်နိုင်တယ်

အထူးကုဆရာဝန်ကြီးတစ်ယောက်ရဲ့ ဆေးခန်းကို ရောက်လာတဲ့ သားအမိက

“ဆရာ ကျွန်မသားကို စမ်းသပ်စစ်ဆေးပေးပါဦး”

“အမေကလည်းဗျာ၊ ဘာမှ မဖြစ်ပါဘူးဆိုနေမှ”

“ဖြစ်တယ်။ သူတစ်ချိန်လုံး တစ်ယောက်တည်း ရန်ဖြစ်နေလို့။ ဘယ်သူနဲ့ စကားပြောနေမှန်း မသိဘူး။ သူက အဆိုသင်တန်းကို စာပေးစာယူနဲ့ တက်ထားတယ်ပြောသေးတယ်”

အဲဒီအချိန်မှာ ဆရာဝန်က စဉ်းစားပြီး –

“ခင်ဗျား အစိုးရိမ်လွန်တာပဲ၊ ဒီနေ့ သူတို့ဆိုနည်းက စာပေးစာယူနဲ့သင်ရင် ရလောက်ပါတယ်”



ကံချွန်စာပေတိုက်



## ဘာလို့ကုတော့မှာလဲ

ညောင်းညာကိုက်ခဲပြီး မအီမလည် ဖြစ်နေတယ်ဆိုတဲ့လူက ဆေးခန်းရောက်ပြီးမှ ဆေးမကုဘဲ ပြန်လာလို့

“ဘာလို့ ဆေးမထိုးခဲ့တာလဲ”

“ဆေးခန်းရောက်တော့ကွာ ငါက ယောင်ပြီး ဆရာ့ကို နေကောင်းရဲ့လား ဆိုပြီး နှုတ်ဆက်မိတာ၊ ဆရာက ညောင်းညာ ကိုက်ခဲပြီး မအီမလည်နဲ့ဗျာ၊ ဘာဖြစ်မှန်းမသိဘူး၊ လူအတော်များများလည်း အဲသလို ဖြစ်လို့ဆိုပြီး ဆေးခန်းရောက်လာကြတယ်တဲ့ကွာ”



ကံချွန်စာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



## ဒါဖြင့် မလုပ်နဲ့

ဒူးနာလို့ဆိုပြီး ဆေးခန်းရောက်လာတဲ့ စာရေးဆရာကို ဆရာဝန်က

"ဆရာတို့လို အညောင်းသမားက ကိုယ်လက်လှုပ်ရှားမှု အားကစားလေးတစ်မျိုးမျိုးတော့ လုပ်သင့်တယ်၊ ဒါနဲ့ ဒူးက ဘာလို့ နာရတာလဲ၊ ထိခိုက်မိသလား"

"ဟင့်အင်း"

"ပြောစမ်းပါဦး"

"ကလေးတွေနဲ့ ကြက်တောင်ရိုက်ရင်း 'ဖျစ်' ဆို မြည်ပြီး နာသွားတာ"







## အကောင်းဆုံးဆေး – ၁

ရုပ်ရှင်သရုပ်ဆောင် မင်းသမီးတစ်ဦးက အထူးကုဆေးခန်းကြီးက ဆရာဝန်ကြီးနဲ့ လာတွေ့ပြီး

"ဆရာ အရွယ်တင်တဲ့ဆေး ရှိသလား"

"အကောင်းဆုံးဆေးက စိတ်ပဲ။ စိတ်ပျို – ကိုယ်နုသတဲ့။ ကိုယ့်ကိုယ်ကို ယုံကြည်မှုထားပါ။ ငါမအိုသေးဘူး ဆိုတဲ့ ယုံကြည်မှုအမြဲရှိနေရမယ်"

"အဲသလို ယုံကြည်မှု ရှိနေအောင် ဘယ်လိုလုပ်ရမလဲဆရာ"

"ကိုယ့်ထက်အသက်ကြီးကြီး လူကြီးတစ်ယောက်ကို ယူထားလိုက်ပါ။ ကိုယ်က အမြဲငယ်နေတယ် ဆိုတဲ့ ယုံကြည်မှုရသွားလိမ့်မယ်"





www.burmeseclassic.com

www.burmeseclassic.com



## အကောင်းဆုံးဆေး - ၂


ရုပ်ရှင်သရုပ်ဆောင် မင်းသားကြီး တစ်ဦးက အထူးကုဆေးခန်းကြီးက ဆရာဝန်ကြီးနဲ့ လာတွေ့ပြီး

"ဆရာ အရွယ်တင်တဲ့ဆေး ရှိသလား"

"အကောင်းဆုံးဆေးက စိတ်ပဲ။ စိတ်ပျို - ကိုယ်နုသတဲ့။ ကိုယ့်ကိုယ်ကို ယုံကြည်မှုထားပါ။ ငါမအိုသေးဘူး ဆိုတဲ့ ယုံကြည်မှုအမြဲရှိနေရမယ်"

"အဲသလို ယုံကြည်မှုရှိအောင် ဘယ်လိုလုပ်ရမလဲဆရာ"

"ကိုယ့်ထက် အသက်ငယ်တဲ့ မိန်းကလေးတစ်ယောက်ကို ယူထားလိုက်ပါ၊ ငါမအိုသေးဆိုတဲ့စိတ် ဝင်လာပါလိမ့်မယ် "







## ယူဝံ့မယ်

သွားနှုတ်ပြီးတော့ သောက်ဆေးတွေ ပေးရင်း ညတစ်ကြိမ်သောက်ဖို့ ဆေးထည့်ပေးရင်း ...

"ဒီဆေးက ညတစ်နာရီသောက် ရမယ်။ ညသတိရတတ်သလား။ အဖော်နဲ့လား၊ အိပ်တာက ..."

"အဖော်မရှိဘူးဆရာ ထည့်ပေးလိုက်ပါ"



## သူ့အဖော်ကတစ်မျိုး

သွားနှုတ်မယ့် အမျိုးသမီးကြီးကို

"အဖော်ပါသလား"

"ပါတယ်ဆရာ၊ အောက်မယ်"

ဆရာဝန်က ငုံ့ကြည့်လိုက်တော့ ခွေးလေးတစ်ကောင်တွေ့ရသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



## အဖော်ပါတယ်

သွားနှုတ်ရမယ့်လူနာအတော်များများဟာ 'နာမှာလားဆရာ' ဆိုပြီး မေးလေ့ရှိပါတယ်။ မနာအောင်နှုတ်ပေးပါဆိုပြီးလည်း တောင်းဆိုတတ်ပါတယ်။ ဒါကြောင့် လူနာတွေရဲ့စိတ်ကို 'နာတော့ မှာပဲ' ဆိုတဲ့ အတွေးကနေ ဝေးသွားအောင် ရောဂါနဲ့ မဆိုင်တဲ့စကားတွေမေးရ၊ ပြောရလေ့ရှိပါတယ်။ တစ်ခါက ဆိုင်ကယ်နဲ့လာပြီး သွားနှုတ်မယ့် လူနာကို ဆရာဝန်က

"ဒါနဲ့ စကားမစပ် အခုလာတော့ အဖော်ပါသေးသလား"

"ပါတယ်ဆရာ။ လေးခု ဝယ်ထားတာ၊ နှစ်ခုကျန်သေးတယ်"







## ရှက်လို့


အသက်(၆၀)ကျော်လူကြီးတစ်ယောက်က သွားနှုတ်ဖို့ ဆေးခန်းထဲရောက်လာတော့ ဆရာဝန်က စစ်ဆေးကြည့်နေရင်း အဘိုးကြီးဒူးနာနေပုံရတာကို သတိထားမိသွားတယ်။ လက်အရင်ထောက်ပြီးမှ ထိုင်တာတို့၊ တစ်ခုခုကိုင်ပြီးမှ ထတာတို့ကြောင့်ပေါ့။ ဒီတော့ ဆရာဝန်က သွားနှုတ်ဖို့ပြင်ဆင်နေရင်းက

"အဖော်ပါလာဖို့ကောင်းတယ်"

"လိုအပ်လို့လားဆရာ"

"အဘတို့အရွယ်မှာ လိုအပ်တာပေါ့"

"ဒါဖြင့် ဟိုကလေးအဝယ်ခိုင်းလိုက်ပါ။ အဘကတော့ ကိုယ်တိုင်ဝင်မဝယ်ချင်လို့"





www.burmeseclassic.com

www.burmeseclassic.com



## သူတို့အထင်

ကျွန်တော်က HIV/ AIDS အကြောင်း ပြောတာတွေ၊ ရေးတာတွေလုပ်လေ့ ရှိပါတယ်။ စာရေးဆရာမ မြနှောင်းညို ကလည်း ကာကွယ်တားဆီးရေး ပညာပေးတွေ လုပ်ပါတယ်၊ တစ်ခါက တော့ ဆရာမက ကျွန်တော့်အတွက် သူတို့ ထုတ်တဲ့ အမှတ်တရပစ္စည်းတွေ နဲ့ အတူ တီရှပ်တစ်ထည်ပို့ လိုက်ပါ တယ်။ အဖော်တံဆိပ်နဲ့ တီရှပ်ပါ။ အဲဒီတီရှပ်ကို ဝတ်ထားတဲ့ တစ်ရက်မှာ ကျွန်တော့်ကို ကြည့်ပြီး လူငယ်တွေက မှတ်ချက်ချပါတယ်။

"တော်တော်ဝယ်အားကောင်း ပုံရတယ်"







## ရှိသေးတယ်

အဲဒီတီရှပ်ဝတ်တဲ့နေ့က ကျွန်တော်က BETANEX-50 ဝယ်ချင်လို့ ဆေးဆိုင်ရှေ့မှာ ရပ်မိတော့ ဆေးရောင်းတဲ့ မိတ်ဆွေက ကျွန်တော့်ကို သတ်မှတ်ပုံ က တစ်မူ ကွဲပါတယ်။ ဆေးရောင်းသူက တော့ ...

"ကွန်ဒုံးတွေ ရှိပါသေးတယ်။ နောက်မှ ယူတော့မယ်"



## အိတ်ထဲမယ်

သွားနှုတ်ဖို့လာတဲ့ လူနာက ဆေးခန်းထဲ မဝင်ခင် သူနဲ့ပါလာတဲ့ သူငယ်ချင်းကို နှုတ်ဆက်စကားတွေ ပြောပြီးမှ ဝင်လာတယ်။ ဆရာဝန်က သွားနှုတ်မယ့်ခုံပေါ် ထိုင်လိုက်တဲ့ လူနာကို

"ခင်ဗျားအဖော် မရှိတော့ဘူးပေါ့"

"ရှိပါတယ်ဆရာ။ သူယူသွားတာ တစ်ခုတည်းပါ"



www.burmeseclassic.com

www.burmeseclassic.com




## မလိုအပ်တဲ့ ဝန်ဆောင်မှု

"ဒီဆေးခန်းက သူနာပြုဆရာမတွေက ဘာလို့ ရုပ်မလှတာလဲ"

"လာတဲ့ လူနာတွေက ရုပ်ကို သိပ်မကြည့်ကြပါဘူးဗျာ။ ဆေးခန်းဆိုင်းဘုတ်လည်း ဖတ်ကြည့်လိုက်ပါဦး"

(မေးသူက ဖတ်ကြည့်လိုက် ပါတယ်။ ရေးထားတာက ...

"မျက်စိအထူးကုဆေးခန်း"



## ဖြစ်နိုင်ခြေ

"ဆရာ ... ကျွန်မယောကျ်ားဟာ ကျွန်မကိုကြည့်ပြီးရင် ဒီကမ္ဘာပေါ်မှာ မင်းဟာ အလှဆုံးလို့ ပြောတယ် ဆရာ။ ဘေးကလည်း နင့်ယောကျ်ား ရူးများ နေပြီလား မသိဘူးလို့ သတိပေးကြလို့"

"စိတ်မပူပါနဲ့။ ကျွန်တော် မှန်းလို့ ရပါတယ်။ သူ့ကို မျက်စိကု ဆရာဝန်နဲ့ သွားပြလိုက်ပါ"





## စောင့်နိုင်မလား

"မင်းတို့ ဟိုတယ်က အစားအသောက်တွေက လုံးဝ ကျန်းမာရေးနဲ့ မညီညွတ်ဘူး။ မန်နေဂျာကို သွားခေါ်ပေးပါ"

"မန်နေဂျာ မရှိပါဘူးခင်ဗျာ၊ မနက်စာစားဖို့ အပြင်ထွက်သွားပါတယ် ခင်ဗျာ"



## ဆရာဝန်က မပြောလို့

"ဟဲလို ... အင်ကွာရီကလား။ အခန်း ၄၀၉က လူနာရဲ့ အခြေအနေကို သိပါရစေ။ ခွဲစိတ်လူနာပါ"

"ဟုတ်ကဲ့ ... ခဏလေးစောင့်ပါရှင်။ ဟဲလို ... ဟဲလို ဟုတ်ကဲ့ အားလုံးကောင်းပါတယ်။ စိုးရိမ်စရာ မရှိပါဘူးရှင်။ လူနာကို ဘယ်သူက သတင်းမေးတယ်လို့ ပြောပေးရမလဲ"

"ကျေးဇူးတင်ပါတယ်။ ကျွန်တော် ၄၀၉ က လူနာပါ"



www.burmeseclassic.com

www.burmeseclassic.com



## ပူတယ်လေ ဆယ်နေ့ကဲ -၁

"စိတ်မပူပါနဲ့ဗျာ၊ ခင်ဗျားဆေးရုံ တက်ရတဲ့သတင်း ခင်ဗျားရဲ့ မိန်းမဆီ အကြောင်းကြားလိုက်ပါပြီ။ သူလိုက် လာမယ်လို့ ပြောပါတယ်"


"ခက်လိုက်တာ ဆရာရယ်။ ဘယ်လိုလုပ် စိတ်အေးနိုင်တော့မှာလဲ"

## ပူတယ်လေ ဆယ်နေ့ကဲ - ၂

"လူနာ ဘာတွေတွေးပြီး ငိုင် နေတာလဲ"

"ကျွန်တော်ရဲ့ အနာဂတ်အတွက် စိတ်ပူလို့ပါဆရာ"

"ဘာပူစရာရှိလဲဗျာ။ ခင်ဗျားစိတ် အေးအေးထားစမ်းပါ။ ဆေးမှန်မှန်လာ ထိုးပြီးသောက်ဆေး ဝယ်သောက် နေ ရင် ဘာမှ မဖြစ်နိုင်တော့ဘူး"








## သေချာပြီ

ရင်းနှီးနေတဲ့ ဆရာဝန်ဆီကို လူ တစ်ယောက်က ...

"ဆရာ ကျွန်တော်မေးချင်တာ လေးတစ်ခုရှိလို့"

"မေးပါ"

"ကောင်မလေးတစ်ယောက်က တီဘီပိုးရှိနေတဲ့ကောင်လေးနဲ့ နမ်းမိရင် ရောဂါကူးနိုင်သလား"

"ကူးနိုင်တာပေါ့"


"ဒါဆို ကျွန်တော်က အဲဒီကောင် မလေးကို နမ်းမိရင်ကော"

"ခင်ဗျားကိုပါ ဆက်ကူးမှာပေါ့"

"ဒုက္ခပဲ ကျွန်တော်က ကျွန်တော် ချစ်သူကို ထပ်နမ်းလိုက်မိပြီ"

(ဆရာဝန်က မျက်လုံးပြူးသွားကာ)

"အဲဒါမှ တကယ့်ဒုက္ခဗျို့။ ကျွန်တော့်ကိုပါကူးပြီ"





www.burmeseclassic.com

www.burmeseclassic.com



## စဉ်းစားမိသည်မှာ

"တကယ်လို့ မင်းကို ကိုက်လိုက်တဲ့ခွေးက ခွေးရူးဆိုတာ သိရင် မင်း ပထမဆုံး ဘာလုပ်မလဲ"

"ကျွန်တော့် ယောကျ္ာမကြီးကို ကိုက်ပါမယ်"



## ကုန်ပြီ

"ဆေးတွေသောက်ရဲ့လား"

"သောက်ပါတယ်ဆရာ"

"ကုန်ပြီလား"

"ကုန်ပြီဆရာ ... နှစ်ခွက်စာပဲ ကျန်တော့တယ်"

"နှစ်ခွက်စာ ကျန်တယ်ဆိုပြီး ဘာကုန်ပြီပြောရတာလဲ"

"ငွေပြောတာ ဆရာ"






## ဆေးတန်ခိုး

"အမှာလေးမွေးတယ်။ ယောကျ်ားလေးချည်းပဲ"

(သူနာပြုရဲ့ စကားကိုကြားတော့ မိခင်ဖြစ်သူက...)

"ဒီလိုဖြစ်လာလိမ့်မယ်လို့ ထင်သားပဲ။ သူက ဆေးတစ်လုံးစီသောက်နေကျကနေ နှစ်လုံးစီသောက်တယ်လေ"





www.burmeseclassic.com

www.burmeseclassic.com



## ပြောင်းသွားတဲ့ ညွှန်ကြားချက်

"ခင်ဗျားရဲ့ဒူးက အတော် ယောင်နေတာပဲ။ လမ်းမလျှောက်နဲ့။ အနားယူပါ။ ငြိမ်ငြိမ်လေးနေပါ"

"ကျွန်တော့်မိန်းမ အပြင်မှာပါလာတယ်ဆရာ"

"ဘာဆိုင်လို့လဲ"

"သူ့ခွင့်ပြုမှ ဖြစ်မှာမို့ပါဆရာ။ ဆရာပဲ ပြောပေးပါ"

(အဲဒီအချိန်မှာ အပြင်က အသံပေါ်လာပါသတဲ့)

"ဈေးနဲ့ အိမ်က ဘယ်လောက်မှ ဝေးတာ မဟုတ်ဘူး"

ဒီတော့ဆရာဝန်က

"ဈေးတစ်ခေါက်တော့ သွားလို့ရပါတယ်"







## အထူးကုမှာ ခြောက်တဲ့ သရဲ

"တော်အခုတက်နေတဲ့ အထူးကုဆေးခန်းကြီးက အားကြီးခြောက်တယ်တဲ့"

"မင်း ဘယ်သူပြောတာလဲ"

"ဟိုဘက်ခန်းက ဆင်းသွားတဲ့လူနာရဲ့ မိန်းမကပြောတာ။ သူဆို လန့်သွားလို့ မနည်းစိတ်ထိန်းလိုက်ရတာတဲ့"

"မဖြစ်နိုင်တာကွာ"

"နာမည်နဲ့ကို ပြောသွားတာ 'ဘောက်ချာသရဲ' တဲ့ "





www.burmeseclassic.com

www.burmeseclassic.com



## ဆရာဝန်ချစ်သူ

"ကိုယ်မင်းဆီ လာနေတာ တစ်နှစ်ပြည့်တော့မယ်။ မင်းကို ကိုယ်ဘယ်လောက်ချစ်တယ်ဆိုတာ သိသင့်ပါပြီကွာ"

"စဉ်းစားပါရစေဦး"

"ကိုယ်ဟာ ခြေကြွခမရရင် ဘယ်မှ သွားလေ့မရှိတာမဟုတ်ပါဘူးကွာ။ မင်းဆီကို တစ်ပြားမှမရဘဲ လာနေတယ်ဆိုတဲ့ အချက်ကလေး ကိုသာ ထည့်စဉ်းစားပေးပါ"







## တတ်နိုင် မတတ်နိုင်

"ခင်ဗျားလမ်းလျှောက်ဖို့ လိုအပ်တယ်"

"ဟုတ်ကဲ့"

"သေချာပေါက် လျှောက်ဖြစ် ချင်ရင်တော့ ကျွန်တော် လာခေါ်မယ်လေ"

"ဟာ ... နေပါစေဆရာ။ အားနာစရာ"

"အားနာဖို့ မလိုပါဘူးဗျာ။ ကိုယ့်လူနာပဲ"

"ဒါဆိုရင်လည်း ခြေကြွခ ဘယ်လိုယူမယ်ဆိုတာလေးတော့ ကြိုသိပါရစေ"



www.burmeseclassic.com



## ချစ်သက်သေ

ဆရာဝန်မလေး: မောင့်ကို ချစ်လွန်းလို့ ခြေကြွခမရဘဲ မောင် ခေါ်တဲ့ ဆီကိုလာခဲ့ရ တာနော်။

ရေ့နေလေး: မောင်ကလည်း ငွေ မရဘဲ စကားပြော တာ မဟုတ်ပါဘူး ကွာ။ မင်းကို ချစ်လွန်း လို့ပါ။







## ဆရာနဲ့ဆိုင်ပါတယ်


"လူတစ်ယောက်ဟာ ဗိုက်နာလို့ ဆိုပြီးအော်ဟစ်နေတာ မနားတမ်းဘဲ။ ဆေးခန်းထဲကို လူတွေက ပွေ့သွင်း လာရတာ"

"ကြည့်ပေးပါဦးဆရာ။ ဗိုက်အရမ်း နာတယ်ပြောလို့"

"ဆေးရုံပို့ပါ။ ကျွန်တော်က နား၊ နှာခေါင်း၊ လည်ချောင်း အထူးကု ဆရာဝန်ပါ"

ဒီတော့ လူနာရှင်က

"ဒါဖြင့် အော်နေတာ ပျောက် အောင် ကုပေးပါဆရာ"





www.burmeseclassic.com

www.burmeseclassic.com



## ပျောက်

"မင်းရဲ့ ဘကြီးရောဂါ အခြေအနေ ဘယ်လိုနေလဲ"

"တဖြည်းဖြည်းတော့ ပျောက်လိုက်နေတာပဲ"

"အရှင်းမပျောက်သေးဘူးလား။ အတော်ကြာနေပြီ"

"ပျောက်တော့မှာပါ။ နေတဲ့တိုက်ပဲ ကျန်တော့တာ။ ဆိုင်ခန်းတွေ၊ ကားတွေ၊ အတွင်းပစ္စည်းတွေ ပျောက်သွားတာ တော့ကြာပြီ"



## တစ်ပြိုင်တည်းပဲ

"နေမကောင်းဘူးလို့ ကြားနေတာ"

"ပျောက်သွားပါပြီ။ နှစ်မျိုးလုံး ပျောက်သွားတာ"

"ရောဂါက နှစ်မျိုးလား"

"ရောဂါက တစ်မျိုးတည်းပါ။ ရောဂါရှိနေတာရော၊ ငွေရှိနေတာရော ပျောက်သွားတာ"





## မပျောက်ခင် ပျောက်သွားလို့

"ဆရာ... ဆရာ့ပြောတော့ ကျွန်တော့် အဒေါ်မှာဖြစ်တဲ့ ရောဂါက ပျောက်အောင်ကုလို့ရတယ်ဆို"

"ရတာပေါ့"

"ခု ဘာလို့မရတာလဲ"

"ဟာ ရောဂါ မပျောက်ခင် အသက် ပျောက်သွားတာတော့ ဘယ်လိုလုပ်တတ်နိုင်မှာလဲဗျ။ အသက်သာမပျောက်ရင် ရောဂါကို ပျောက်အောင် ကုနိုင်တာပေါ့"





www.burmeseclassic.com

www.burmeseclassic.com



## မရှိတော့ဘူး

"မင်းနေမကောင်းဘူးဆို"

"အင်း"

"အထူးကုဆေးခန်းကြီးမှာ သွားပြနေတယ်ဆို"

"အင်း"

"ဘယ်လိုနေသလဲ"

"ယူပစ်လိုက်သလိုပဲ"

"ယူပစ်လိုက်သလိုသာဆိုတယ် မင်းမျက်နှာက ညှိုးနေတုန်းပဲ"

"ရောဂါမဟုတ်ဘူးကွ။ ငွေကိုပြောတာ"







## လူနာရဲ့ မှတ်ချက်

ဆရာဝန်လေးက လူနာကို စမ်းသပ်ကြည့်ပြီး

"အားလုံးကောင်းသွားပါပြီ ခင်ဗျာ ဒီနေ့ထိုးပေးတဲ့ဆေးက ရောဂါအတွက်မဟုတ်ပါဘူး။ မြန်မြန်လန်းဆန်းသွားအောင် အားဆေးထိုးပေးတာပါ"

လူနာက ထထိုင်လိုက်ပြီး

"ငါ့တူက ခုမှ ဆရာဝန်ဖြစ်တာနဲ့တူတယ်"

"ဟုတ်ပါတယ်ခင်ဗျာ။ ကျွန်တော့်ရဲ့ ကုသမှုမှာ မကျေနပ်စရာများ တွေ့လို့လား"

"မဟုတ်ပါဘူး။ သုံးခါတည်းနဲ့ ပျောက်အောင်ကုပေးလို့"





www.burmeseclassic.com

www.burmeseclassic.com



## စိုးရိမ်လို့

"ငါ့သားနိုင်ငံခြားမသွားချင်ပါနဲ့ ကွာ။ လူ့အသက်ထက် ဘယ်ဟာမှ အရေးမကြီးဘူး"

"ဟာ အဖေကလည်း နိုင်ငံခြား သွားတာနဲ့ အသက်နဲ့ ဘာဆိုင်လို့လဲ"

"မင်း ဘာနားလည်လို့လဲ၊ တို့ဆီ မှာက ရောဂါ ဖြစ် ပါးပဲရှိတာ။ သူတို့ဆီ မှာ နောက်တိုးရောဂါတွေနည်းတာ မဟုတ်ဘူး"



## တွက်ကိန်း

"မောင် ကျွန်မကို သိန်းငါးဆယ် လောက်ပေးပါလား။ မောင့်အတွက် ပိုပြီး ချစ်စရာကောင်းတဲ့ မျက်နှာလေး ဖြစ်အောင် ခွဲစိတ်ပြုပြင်ချင်လို့"

"သိန်းငါးဆယ်ရှိမှတော့ မပြုပြင်ရ သေးဘဲ လှတာ ရှာယူမှာပေါ့ကွာ"





## အကြံကောင်း

"ဆရာ ကျွန်မရဲ့ မျက်နှာကို ခေတ်ပိုလှသွားအောင် နိုင်ငံခြားသွား ပြီး ခွဲစိတ်ပြုပြင်မယ်ဆိုရင် ဘယ် လောက် ကုန်ကျနိုင်သလဲ ဆရာ"

"ခွဲစိတ်မှုကို လိုက်လို့ပေါ့ဗျာ။ သိန်း နှစ်ရာလောက်ထိ ကုန်နိုင်တယ်။ ဘာလို့ ပြုပြင်ချင်ရတာလဲ"

"ကျွန်မချစ်သူအတွက်ပါဆရာ"

"ဒါဆိုရင်တော့ သူချစ်တဲ့ အရာ တွေကို့ နိုင်ငံခြားမပေးလိုက်ပါနဲ့ဗျာ"





www.burmeseclassic.com

www.burmeseclassic.com



## ကြိုက်သလောက်ပြော

"ရှင် နားထဲကလေတွေ ထွက်ပြီး ကောင်းကောင်း မကြားရဘူးဆို"

"ဟော"

"နား ... နား ... ကောင်းကောင်း မကြားရဘူးဆို"

"အော ..."

"ဆေးခန်းသွားပါလား"

"မသွားချင်ပါဘူးကွာ။ ခုလိုက နား ငြီးတဲ့ဒဏ်မခံရတော့ဘူးကွ"



## မှန်လိုက်ပုံ

"ဈေးစကားပုံတွေက သိပ်မှန်တာပဲ ဆရာ"

"ဘာများလဲ လူနာ"

"ကျန်းမာရေးက တစ်နေ့ရွှေ တစ်နေ့ငွေ ဆိုတာလေ"

"ရှင်းစမ်းပါဦး"

"ရှိတဲ့ငွေလည်း တစ်နေ့တည်းနဲ့ ကုန်။ စုမိတဲ့ ရွှေလည်း တစ်နေ့တည်း နဲ့ကုန်"





## ကိုယ့်အကြောင်း ကိုယ်သိလေ

"ဘာဖြစ်သလဲ"


"နုံးနေတယ်"

"အားဆေး မသောက်ဘူးလား"

"သောက်တယ်"

(ဆရာဝန်က သေသေချာချာ စမ်းသပ်ပြီး)

"ဘာရောဂါမှ မရှိပါဘူး။ အိပ်ချိန် မှာ အိပ်ပါ"



## လိုရ မယ်ရ

"ဘာဖြစ်သလဲ"

"ခေါင်းတွေအုံခဲနေလို့"

(ဆရာဝန်က နားကျပ်နဲ့ ဗိုက်ပေါ် စမ်းကြည့်တယ်။ လူနာက သူပြောတာ ဆရာဝန်မကြားဘူး မှတ်လို့–)

"သွေးချိန်တိုင်းရမှာ မဟုတ်ဘူး လားဆရာ။ ခေါင်းခဲတာ"

(ဆရာဝန်က...)

"ဝမ်းတစ်လုံးကောင်းရင် ခေါင်းမခဲ ဘူးလေဗျာ"



www.burmeseclassic.com

www.burmeseclassic.com



## ပြေးစေရမယ်


"ဦးဘောဂကြီးဆုံးတော့ သရဲဖြစ်နေတာလေ"

"ကြားတယ်"

"အောက်လမ်းဆရာလည်း မနိုင်။ အထက်လမ်းဆရာလည်း မနိုင်။ မိသားစုက မေတ္တာပို့လည်းမရ။ ခုတော့ ငြိမ်သွားပြီ"

"ဘယ်ကဆရာနဲ့ တွေ့သွားတာလဲ"

"အထူးကုဆေးခန်း ပိုင်ရှင် လိုက်လာပြီး ဆက်သောင်းကျန်းနေရင်တော့ ဆေးခန်းကို ခေါ်ရမယ်လို့ ပြောလိုက်လို့"







## မင်းရဲ့ လူနာဝဲ

ဆရာဝန်နှစ်ယောက် ခရီးသွားရင်း သချိုင်းတစ်ခုနားမှာ ကားက ရပ်သွားတော့

"မင်းကားက ဒီနားမှ ပျက်ရတယ်လို့ကွာ"


"ဘာဖြစ်လဲ"

"ဒါ သချိုင်းကွ။ ဟော ဟိုမယ် တွေ့လား မည်းမည်းကြီး"

"ဟင့်အင်း"

"ဟိုမယ်လေ။ ငါသေသေချာချာ မြင်နေရတာ"

"အင်း အဲဒါဆိုရင်တော့ ငါ့လူနာ မဟုတ်ဘူး"





www.burmeseclassic.com

www.burmeseclassic.com



## တွေ့ဖြန့်တော့လည်း

"ဆရာ သရဲကိုယုံသလား"

"မယုံပါဘူး"

"ဟောဗျာ ကျွန်တော်က ဆရာကုပေးရင်း ဆုံးသွားတဲ့ လူနာလေ"

"ဟုတ်လား"

"ခု ကျွန်တော်သရဲဖြစ်နေတာ"

"အေးဗျာ ဆောရီးပဲ ကျွန်တော်က သရဲတော့ မကုတတ်ဘူး"

## ခြေကြွခပေးရမယ်မှတ်လို့

ဆရာဝန်နှစ်ယောက်ဟာ သရဲခြောက်တယ်ဆိုတဲ့ အိမ်ကိုသွားပြီး သရဲကို တွေ့နိုင်ဖို့ ကြိုးစားကြသတဲ့။ ချိုးချိုးချွတ်ချွတ်အသံကြားတိုင်း လိုက်ကြည့်ကြတာ။ အိမ်ပေါ်ကကြား အိမ်ပေါ်လိုက်။ အိမ်အောက်ကကြား အိမ်အောက်လိုက်နဲ့ နောက်ဆုံးမှာတော့ သရဲကို ချောင်ပိတ်ပြီး ဖမ်းမိကြသတဲ့။ ဒီတော့ သရဲက မျက်နှာငယ်လေးနဲ့

"သရဲမှာ ငွေမရှိပါဘူးဆရာ"







## ကံ

ဆရာဝန် — ကျွန်တော်က သရဲတို့ တစ္ဆေတို့ မယုံဘူး။ ရှိတယ်ဆိုရင်လည်း သိပ်ကို ကံနိမ့်တဲ့ သူမှ တွေ့ရမှာပါ။

ညှီသည် — ကျွန်တော်ကတော့ ယုံတယ် ဆရာ။ တကယ်ရှိတာ။ သိပ်ကို ကံနိမ့်လို့လားမသိဘူး။ တွေ့ဖူးတယ်။ စကားပြောဖူးတယ်။

ဆရာဝန် — ဘာတွေပြောသလဲ။

ညှီသည် — သရဲတို့ တစ္ဆေတို့ ဆိုတာ သိပ်ကို ကံနိမ့်မှ ဆရာဝန်နဲ့ တွေ့လို့ရတာတဲ့။





www.burmeseclassic.com

www.burmeseclassic.com



## သူတို့ အနေရခက်လို့


ဆရာဝန်ကြီးနဲ့ စက်မှုလုပ်ငန်းရှင်ကြီးတစ်ဦးတို့ ဆုံမိကြတော့

"ဆရာ သရဲခြောက်တာ ခံရဖူးသလား"

"ဟင့်အင်း"

"ကျွန်တော်တော့ အခြောက်ခံရဖူးတယ်ဆရာ။ သူ့ကို ကြည့်ရတာ အငွေ့အစုအဝေးလိုပဲ။ ဒါပေမယ့် ပစ္စည်းတွေ လွင့် ထွက်သွားအောင် လုပ်နိုင်တယ်။ ကျွန်တော်တော့ မကြာခဏ အခြောက်ခံရတယ်"

"ခြောက်မှာပေါ့ ခင်ဗျားက လေထုညစ်ညမ်းအောင်လုပ်တာကိုး"







## လွယ်လွယ်လေး

"ဟော့ – ဝယ်နေကျဆေးလေး ပေးပါဦး"

"ကုန်နေတယ်ဗျ"

"ဟာ ဒုက္ခပဲ ဒါဖြင့် ဘယ်လိုလုပ်ရမလဲ။ အကြံပေးပါဦး တခြားဆိုင် ဝယ်ရမလား"

"ဘယ်မှမရဘူး။ အဲ တစ်နည်းတော့ ရှိတယ်"

"ပြောစမ်းပါဦး"

"အားကုန်မယ့်အလုပ် မလုပ်နဲ့လေ"





www.burmeseclassic.com

www.burmeseclassic.com



## ကျွန်မလက်ကို သူဆွဲတယ်

“အခန်း(၄)က လူနာဘယ်လို နေသလဲ ဆရာမ”

“နေတော့ကောင်းသွားပါပြီ။ အားနည်းနေသေးတယ်”

“ဆရာမဘယ်လိုလုပ်သိလဲ”

“ကျွန်မဟန်ဆောင်ပြီး အသာလေး ရှန်းတာတောင် လွတ်သွားတယ်”



ꕥ ꕥ ꕥ

## ကံကောင်းလို့

“ဟာ သူငယ်ချင်း မင်းကို မနေ့က ပေးလိုက်တဲ့ဆေး သောက်ပြီးပြီလား”

“အင်း”

“ဘယ်လိုနေလဲ”

“ဘယ်လိုမှ မနေဘူး။ အဲဒါ ငါလည်း မင်းကိုပြောမလို့”

“တော်သေးတာပေါ့ကွာ။ ငါ ဆေးမှားပြီးပေးလိုက်တာ။ အဲဒါ ငါ့မိန်းမ သောက်တဲ့ အားဆေးကွ”

ꕥ ꕥ ꕥ





## လမ်းညွှန်လိုက်မယ်

တစ်ခါက ငွေတိုးအများကြီးယူ။ အိမ်အပေါင်ခံ၊ မြေပေါင်ခံနဲ့ ကြီးပွားချမ်းသာနေတဲ့ သူဌေးကြီးသေသွားတော့ ကျန်ရစ်တဲ့ ဇနီးငယ်လေးက ဆွေးတာပေါ့။ ဒါနဲ့ အကြားအမြင်မှာ နာမ်လောကထိ စွမ်းတယ်ဆိုတဲ့ ဆရာကို သွားမေးသတဲ့။



“ကျွန်မယောကျ်ားရဲ့ ဝိညာဉ် ကို ခေါ်ပေးလို့ရမလား”

“ရပါတယ်”

“ဒါဖြင့် ခေါ်ပေးပါ”

(ခဏလေးကြာတော့)

“မင်းငါ့ကို ဘာကိစ္စခေါ်တာလဲ”

“အစ်ကိုကြီး ဘာတွေဖြစ်နေ သလဲ ဆိုတာသိချင်လို့ပါ။ သိပ်များ ပင်ပန်းနေသလား။ ငရဲများရောက်နေသလားနဲ့ စိတ်ပူလို့ပါ”

“မရောက်ပါဘူးကွာ။ ဘာမှလည်း မပင်ပန်းပါဘူး။ အိပ်လိုက်၊ စားလိုက်၊ ကာမမှု ဆန္ဒရှိတဲ့အခါ ပြုလိုက်၊ အိပ်လိုက်၊ စားလိုက်ပါပဲ”

“ဘယ်ကိုရောက်နေတာလဲ ပြော



www.burmeseclassic.com

www.burmeseclassic.com



စမ်းပါဦး”

“မြို့စွန်က ဦးသာဝ နွားခြံထဲမှာပါ”

× × × × ×

အဲဒီအကြောင်းကို ကုနေကျ ဆရာဝန်ဆီ လာပြောပြပြီး ငိုတော့ ဆရာဝန်က သူ့ဗွေးကတော်ကို

“ဒီကိစ္စက ကျွန်တော်နဲ့ မဆိုင်တော့ဘူး၊ တိ–မွေး–ကု နဲ့ဆိုင်သွားပြီ”



❀ ❀ ❀

## လက်တွေ့

“အားဆေးထဲမှာတော့ မြန်မာအားဆေးလည်း စွမ်းပါတယ်ကွာ”

“ဟုတ်ရဲ့လား ဘ”

“အဘိုးသောက်ရင် မြေးထိဆေးစွမ်းပြတာ”

“မလွန်ဘူးလား”

“မလွန်ပါဘူးကွာ။ ငါ့မြေး မနေ့က အရွယ်ရောက်တာ။ ဒီနေ့ မိန်းမခိုးပြေးပြီ”

❀ ❀ ❀

ဂျမ်းချွန်စာပေတိုက်



## မွေးကတည်းက ချစ်မှာ

“ချစ်ခြင်းအစ မျက်စိကဆိုတာ ဟုတ်သလား”

“ဟုတ်တာပေါ့”

“ဒါဖြင့် ဆရာနဲ့ ဆရာ့အမျိုးသမီး စတွေ့ပုံလေး ပြောပြစမ်းပါ”


“သူမျက်စိလာစမ်းရင်း တွေ့တာလေ”

“ဒါဖြင့် ဆရာသာ အရိုးအထူးကုဆိုရင်...”

“အဲဒီကျတော့ အရိုးဖွဲ့အောင် ချစ်တဲ့သူနဲ့ ရိုးမြေကျပေါင်းရပါစေ အချစ် ဇာတ်လမ်းဖြစ်မှာပေါ့”

“သွားဖွားမီးယပ် ဆရာဝန် ဖြစ်နေရင်ကော”

“ဆရာဝန်ဖြစ်ပြီး နှစ်နှစ်ဆယ် လောက်နေမှ အိမ်ထောင်ပြု ဖြစ်မှာပေါ့ဗျာ”



❀ ❀ ❀

ဂျမ်းချွန်စာပေတိုက်

www.burmeseclassic.com



## လမ်းလျှောက်ခြင်းအကျိုး

■ ခင်ဗျားက လမ်းလျှောက်တာ ကြာပြီနော်။

□ အင်း အိမ်ထောင်ကျပြီး (၁)နှစ်လောက်ရကတည်းက။ ခုဆိုရင် နှစ်သုံးဆယ်ကျော်ပြီပေါ့။

■ ညနေလည်း လျှောက်တာပဲလား။

□ လျှောက်ပါတယ်။ မနက် နှစ်နာရီလောက်။ ညနေတော့ တစ်နာရီလောက်။

■ လမ်းလျှောက်လို့ရတဲ့ လက်ငင်း အကျိုးကျေးဇူးတွေကို ပြောပြပါဦး။

□ မိန်းမနဲ့ ခပ်ဝေးဝေးနေလို့ရတယ်လေ။

✿ ✿ ✿







## ၃၀ - ၆၀ - ၂၈

■ မျက်နှာက ပိန်ရှုံ့လို့ပါလား။ ဘာတွေများ အလိုမကျဖြစ်နေရတာလဲ။

□ မြင်ရ တွေ့ရတာတွေဆိုပါတော့ကွာ။

■ ဘာတွေမြင်ခဲ့လို့လဲ။

□ မိန်းမကို အေရိုးဗစ်သင်တန်းလိုက်ပို့ရင်း မြင်မြင်နေရတာတွေပေါ့ကွာ။ ကြာလေ စိတ်ပျက်လေ။

■ မင်းနယ်ကွာ အေရိုးဗစ်သင်တန်းမှာ မြင်ရတာတွေကိုများ။

□ မင်းဘာသိလို့လဲ။ လာကစားတာတွေက ငါ့မိန်းမလို ၃၀–၃၆–၂၈ တွေချည်းပဲ။

■ အင် ...။

✿ ✿ ✿





www.burmeseclassic.com

www.burmeseclassic.com



## ကိုင်ပေါက်မှာစိုး

"ကိုယ်စိတ်ညစ်တယ်ကွာ"

"ဘာလို့လဲ"

"ကောင်မလေးက နောက်ထပ် အားကစားသင်တန်း တက်ပြန်ပြီကွာ"

"ရေကူးတဲ့ကောင်မလေးလား"

"အင်း"

"ခု ဘာတက်နေလို့လဲ"

"ဂျူဒိုတဲ့"

## အညောင်းမိတာ

■ ခင်ဗျားလမ်းလျှောက်ဖြစ်ရဲ့လား။

□ လျှောက်ဖြစ်ပါတယ်ဆရာ။

■ ဘယ်လောက်ကြာပြီလဲ။

□ ငယ်ငယ်ကလေးတည်းကပါ။

■ တစ်နေ့ ဘယ်နှစ်နာရီလောက် လျှောက်ဖြစ်သလဲ။

□ တစ်နေ့ကုန်ဆရာ။ ကျွန်တော်က လက်ပွေ့ဈေးသည်ပါ။

■ ဟာ – ဒါဆို လမ်းလျှောက်နားပါ။







## နှီးလျက်နှင့်ဝေး

■ ခင်ဗျားသိပ်ဝနေတယ်။

□ ဟုတ်ကဲ့။

■ ခင်ဗျားဝန်းကျင်မှာ အားကစား လုပ်တဲ့လူတွေ မရှိဘူးလား။

□ ရှိပါတယ်။

■ သူတို့နဲ့လိုက်ပြီး အားကစားလုပ်ပေါ့။

□ သူတို့ကို ဦးစားပေးနေရလို့ပါ ဆရာ။

■ ဘယ်လိုဗျ။

□ ကျွန်တော်က အားကစားခန်းမ ထောင်ထားတာပါ။





www.burmeseclassic.com

www.burmeseclassic.com



## ဆန့်တယ်နော်


'ပျောက်' အထူးကု ဆေးကုခန်း ပိုင်ရှင်ကြီးက လမ်းလျှောက်လာတဲ့ သူ့ဆေးခန်းမှတက်သွားဖူးတဲ့ လူကို တွေ့လိုက်တော့ ကားကိုရပ်ပြီး

"ဘယ်လိုလဲ လမ်းတွေဘာတွေ လျှောက်လို့"

"မလျှောက်ချင်လို့ မရတော့ဘူး လေ။ ကားမှ မရှိတော့တာ"

"ဘယ်ရောက်သွားလို့လဲ"

"လူကြီးမင်းရဲ့ ငွေသိမ်းကောင်တာ ထဲလေ"







## အတွေးကိုယ်စီ

အဝလွန်တဲ့ အပျိုကြီးတစ်ယောက်နဲ့ အဝလွန်တဲ့ လူပျိုကြီးတစ်ယောက် အိမ်ထောင်ပြုလိုက်တော့ အပျိုကြီးကို သူ့သူငယ်ချင်းတွေက မေးသတဲ့

"ဘယ်လိုစိတ်ကူးနဲ့များ အိမ်ထောင်ပြုလိုက်တာလဲဟယ်"

"ပိန်ချင်လို့လေ။ ခုဆို အပျင်းထူနေလို့ မရတော့ဘူး။ မထနိုင်လည်း ထရတာပဲ။ မသွားနိုင်လည်း သွားရတာပဲ။ အိမ်မှုကိစ္စမလုပ်နိုင်ဘူးလို့ မငြင်းနိုင်တော့ဘူးလေ"

လို့ ရှင်းပြသတဲ့။ လူပျိုကြီးကိုလည်း သူ့သူငယ်ချင်းတွေက မေးတော့

"စိတ်ညစ်ရင် ပိန်တယ်ဆိုလို့ကွာ ငါယူမယ်လို့ စိတ်ကူးကြည့်တဲ့ ရက်မှာကို ၂-ပေါင်ကျသွားတယ်"





www.burmeseclassic.com

www.burmeseclassic.com



## စိုးရိမ်လို့

"သူငယ်ချင်း မင်းဝနေတာ ပိန်ချင်ရင် ကိုယ့်ကိုယ်ကို မညှာနဲ့လေ ကွာ။ လေ့ကျင့်ခန်း တစ်ခုခုကို ချွေး ကောင်းကောင်း ထွက်သည်ထိ လုပ်သင့်တယ်"

"မလုပ်နိုင်ဘူးကွ။ စမ်းကြည့်တယ်"

"မင်းကိုယ်မင်း ညှာနေလို့ပါကွာ"

"ငါပိန်ချင်နေတာပဲ သူငယ်ချင်းရာ အလကား ညှာပါ့မလား"

"ကောင်းပြီ ပိန်ချင်တယ်ဆို မနက်ငါနဲ့ လမ်းလျှောက်လိုက်ခဲ့"

နောက်ရက်ကျတော့ လမ်းအတူလျှောက်ကြတယ်။ တစ်နေရာအရောက်မှာ ခွေးကို ခဲနဲ့ လှမ်းထုလိုက်တယ်။ ခွေးက ထွက်လိုက်တော့တာပေါ့။ ဝတဲ့သူလည်း ခြေသလုံးနဲ့ ခွေးပါးစပ်ဖူးစာမဆုံရလေအောင် ပြေးလိုက်တာ ချွေးကို ပြိုက်ပြိုက်ကျရောတဲ့။ ခွေးအန္တရာယ်ကလွတ်သွားမှ ဝတဲ့သူက မေးတယ်။

"ဒီလမ်းမှာကျားတော့မရှိပါဘူးနော်"







## ဖြစ်နိုင်ခြေ

"ဆရာ ... လူတွေဝတဲ့အခါ တစ်ကိုယ်လုံးဝပေမယ့် နားရွက်တို့၊ မျက်စိတို့၊ နှာခေါင်းတို့၊ ပါးစပ်တို့က ဘာလို့မဝတာလဲဆရာ။ ခန္ဓာကိုယ်နဲ့ လိုက်ဖက် အောင်ကြီးထွားမှု မရှိတာကို သိချင်လို့"

"စဉ်းစားတတ်တဲ့ ဦးနှောက်နဲ့ နီးလို့ ဖြစ်မယ်"

## ပိန်တာရှိတယ်

"ဆရာက တစ်နေ့ တစ်ခြား ဝလာလိုက်တာနော်"

"တစ်နေ့တစ်ခြား ပိန်လိုက်နေတာကိုတော့ လူတွေက မသိလို့ပါဗျာ"

"ဘာလဲဆရာ"

"စိတ်"





www.burmeseclassic.com

www.burmeseclassic.com



## ကျုပ်ထက်ဝတယ်

လူဝကြီးနှစ်ယောက် ဆုံမိတော့

ပ – ပိန်ဆေးသောက်တာ ဘယ်လို နေလဲ။

ဒု – ဆေးပုလင်းပဲ ပိန်ပိန်လိုက် သွားတယ်။

ပ – လမ်းလျှောက်တာကရော။ ဘာထူးသလဲ။

ဒု – ဖိနပ်ပဲ ပါးပါးလိုက်သွားတာပဲ။

ပ – ဒါနဲ့တောင် တစ်ချို့က ခင်ဗျား ကို ပိန်သွားတယ်လို့ ပြောကြ သေးတယ်။

ဒု – ကျုပ်မိန်းမနဲ့ တွဲလာတာ မြင် သွားလို့ ဖြစ်ပါလိမ့်မယ်။







## နေကောင်းနေရင် မစားနဲ့လေ

"ဒီမှာ... နားထောင် ... ငါကျန်းမာ ရေးဂျာနယ်ကို ဖတ်ပြမယ်။ အစား အစာတွေထဲမှာပါတဲ့ ဓာတ်တွေကိုက ရောဂါတွေကို ပျောက်စေတာ မနည်း ဘူးကွ။ ဒါကြောင့် အစာလည်းဆေး၊ ဆေးလည်းအစာလို့ ပြောထားတာ"

"အေးလေ ဟုတ်သားပဲ။ ဆေးဆို တာ နေမကောင်းမှသောက်ရတာ။ ဒါကြောင့် နေမကောင်းတဲ့အခါ တော့ ကို ဘာစားချင်သလဲလို့ မေးတာပေါ့"





www.burmeseclassic.com

www.burmeseclassic.com



## ကြက်ရှောင်

"အစာလည်းဆေး ဆေးလည်းအစာဆိုတာ မင်းကြားဖူးတယ် မဟုတ်လား"

"အစားမတော် တစ်လုတ် ဆိုတာရော တော်ကြားဖူးတယ်မဟုတ်လား။ စားနေကျမဟုတ်တာတွေ မစားချင်ပါနဲ့၊ ချဉ်ပေါင်စားလို့ ဘာမှ မဖြစ်ဘူး။ တစ်သက်လုံးစားလာတာ"



## ဝိုသတဲ့လား

"ဆရာ ... ကျွန်တော် ဘာစားစားရသလား"

"ရပါတယ်။ နေကောင်းသွားပြီပဲ"

(အဲဒီအချိန် ဘေးနားမှာ ပါလာတဲ့ လူနာရဲ့ ဇနီးက –)

"တော်ဟာလေ ... အပိုတွေ အားကြီးမေးတယ်"





## ကျန်းမာအောင်

"မိန်းမ ဟင်းထည့်ပါဦးကွ၊ အသားငါးဆိုတာကလည်း ပရိုတိန်းကွ။ အသီးအရွက်တွေက ဗီတာမင်ကွ။ အစာလည်းဆေး ဆေးလည်းအစာတဲ့"

(မိန်းမက ကုန်သွားတဲ့ ပန်းကန်တွေကို ထပ်ပြီး ဆေးမယ့်နေရာ ယူသွားရင်း)

"တန်ဆေး လွန်ဘေးတဲ့တော့"



## ဝေခွဲနိုင်ဘု

"မိန်းမရေ ငါရောဂါတွေအားလုံးပျောက်ပြီကွ၊ စားချင်တာ စားလို့ရပြီ"

"ဟုတ်လား"

"မင်းဝမ်းမသာဘူးလား"

"ကျုပ်ဝမ်းသာရမှာလိုလို၊ ဝမ်းနည်းရမှာလိုလို မအီမလည်ကြီးဖြစ်နေလို့"



www.burmeseclassic.com

www.burmeseclassic.com



## ဆေးလိုပဲ

“အစာလည်းဆေး ဆေးလည်း အစာဆိုပေမယ့် တစ်ချို့ဆေးတွေက လူနဲ့မတည့်တာတွေ ရှိသလို တစ်ချို့ အစာတွေကလည်း လူနဲ့မတည့်တာ တွေ ရှိတယ်ကွ”

“ဟုတ်လို့လား။ ငါက မင်းကို အအေး တိုက်ခိုင်းမလို့”

“ဟုတ်တာပေါ့။ ဆေးဆိုတာ ရောဂါမရှိဘဲ မသောက်သင့်သလို အစာ ကလည်း ရောဂါမရှိဘဲ တွေ့ကရာ တွေ အများကြီး မစားသင့်ဘူးကွ။ လာ သွားကြစို့”







## ဘာထူးမှာလဲ

“မင်းဖြစ်နေတဲ့ ရောဂါကို ဟိုဆရာ နဲ့ ကုကြည့်ပါလား။ သူက ခါတ်စာနဲ့ ပဲ ကုတာ။ ဆေးလည်းမပေးဘူး။ ဆေး ဝယ်ဖို့လည်း မလိုဘူး”

“မသွားချင်ပါဘူးတော်”

“စမ်းသပ်ကုသစရိတ်ကလည်း ကိုယ်တတ်နိုင်သလောက်ပဲ ထည့်ခဲ့ရ တာကွ။ ဘယ်ရွှေ ဘယ်မျှ မသတ်မှတ် ဘူး။ ပုံးချထားတာ။ ဆရာ့လက် ပေးရ တာလည်း မဟုတ်ဘူး”

“တော်က ဆေးအိုးထက် ခါတ်စာ ဖိုးက သက်သာမယ်များမှတ်နေလို့ လား”





www.burmeseclassic.com

www.burmeseclassic.com



## အဆင်ပြေအောင်

"ဘာဖြစ်သလဲ"

"အိပ်မပျော်တာဆရာ"

"နေ့မှာနေရော"

"နေ့မှာတော့ အိပ်တယ်"

"နိုင်ငံခြား သွားနိုင်မလား"

"ကျွန်တော့်ရောဂါက အဲသည်လောက်ထိ ဆိုးသလားဆရာ"

"ဒီမှာနေ့ဖြစ်တဲ့အချိန် ဟိုမှာ ညဖြစ်နေတဲ့ဆီသွားနေဖို့အကြံပေးမလို့ပါ"



## စိုးရိမ်စရာမရှိပါဘူး

"ဘာဖြစ်သလဲ"

"ရှင်ရှင်လန်းလန်းမရှိဘူးဆရာ။ အလိုလိုနေရင်း နုံးနေတယ်"

"အနားယူဖို့လိုတယ်။ ခရီးထွက်ပါ"

"ဘာရောဂါလဲဆရာ"

"အိမ်ပူမီတာပေါ့၊ အိမ်ထဲမှာနေရလို့ ဖြစ်တဲ့ရောဂါ"





## ကောင်းစေရမယ်

"ဘာဖြစ်သလဲ"

"အစားအသောက်ပျက်တာဆရာ။ ဘာမှ ဟုတ်တိပတ်တိ မစားနိုင်ဘူး။ ဆာလည်း ဆာနေတယ်။ ဆာနေပြီး စားလိုက်တာနဲ့ စားချင်စိတ်က မရှိပြန်ဘူး"

"တစ်သောင်းလောက် အကုန်ခံနိုင်မလား"

"ဘာဆေးဝယ်သောက်ရမှာလဲဆရာ"

"ဆေးသောက်ဖို့ မလိုပါဘူး။ ဟိုတယ်တွေမှာ သွား ... သွားပြီး စားပေးပါ"





www.burmeseclassic.com

www.burmeseclassic.com



## ကျွန်မကပိုတာပေါ့

ဆရာဝန်က ဆေးစစ်ချက်မှတ်တမ်းတွေကို ကြည့်ပြီး လူနာရဲ့ဇနီးကို

"ကျွန်တော် ခင်ဗျားရဲ့ယောကျ်ားကို သိပ်သဘောမကျဘူး"

အဲသလိုစကားစလိုက်တာနဲ့ ဇနီးက

"ဆရာကခုမှပါ။ ကျွန်မက ကလေးတွေရဲ့ မျက်နှာထောက်နေရလို့"



## တွေးကြည့်လေ

"ခင်ဗျားသွားက အတော် ယိုင်နေပြီ"

"ဘယ်လိုလုပ်သင့်သလဲ"

"မနုတ်ချင်ရင် ရွှေကွပ်ပေးလိုက်လို့ရတယ်။ ပိုမယိုင်တော့ဖို့နဲ့ စားတဲ့အခါ သူ့အပေါ် ဒဏ်မပိဖို့ပေါ့"

"ကောင်းပါ့မလားဆရာ အားနာစရာကြီး"

"ဘာကို အားနာတာလဲ"

"ကောင်းနေတဲ့သွားတွေ"





## ပျောက်တော့ ပျောက်တယ်

ဆရာဝန်က

"ခင့်ဗျား ကျွန်တော် အကြံပေးသလို ခေါင်းရင်း ပြူတင်းပေါက် ဖွင့်အိပ်ရဲ့လား"

"အိပ်ပါတယ်ဆရာ"

"အသက်ရှူမဝတာ ပျောက်သွားရဲ့လား"

"လက်ပတ်နာရီနဲ့ ရေဒီယိုလေးတော့ ပျောက်သွားတယ်ဆရာ"



## သေချာတယ်

"ဘာဖြစ်သလဲ"

"ဖျားတာဆရာ၊ စိမ့်စိမ့်ပြီးဖျားတာ"

"အအေးမိသလား၊ အပူရှပ်သလား၊ အစားမှားသလား"

"အဲသလိုတော့ မရှိပါဘူးဆရာ၊ ယောက္ခမကြီးတော့ အိမ်အလည်ရောက်နေတယ်"

"အင်း ဒါဆို ကြောက်ဖျားပဲ"



www.burmeseclassic.com

www.burmeseclassic.com



## • ဆရာ့အကြံကြက

မမျှော်လင့်ဘဲ ဆရာဝန်တစ်ယောက် က တစ္ဆေနဲ့ တွေ့သတဲ့။ ဒီတော့ ဆရာဝန်က


"မင်းတို့ တစ္ဆေတွေမှာ ဖျားတာနာတာ မရှိဘူးလား"

"ဟင့်အင်း"

"ဘာလို့လဲ"

"တစ္ဆေမှာ ငွေမရှိဘူးလေ၊ ဒီတော့ ရောဂါလည်း မရှိဘူးပေါ့"

"ကျေးဇူးပဲကွာ၊ ကြုံသိရလို့။ လူပဲ ထပ်ပြန်တလဲလဲဖြစ်အောင် ကြိုးစားတော့မယ်"







## ပထမဆုံး လုပ်ရမယ့်အလုပ်

ဆရာဝန်ကြီးက ဆရာဝန်လေးများနဲ့အတူ ဆေးရုံပေါ်မှာ လူနာတွေကို လိုက်ကြည့်ရင်း လူနာတွေရဲ့ ရောဂါအကြောင်းကို ပြောပြတယ်။ ပြီးတော့

"မင်းရှိနေတဲ့အချိန် အဲဒီလို လူနာမျိုးရောက်လာမယ် ဆိုရင် အရင်ဆုံး ဘာလုပ်မလဲ"

ဒီတော့ အမေးခံရတဲ့ ဆရာဝန်လေးက.

"ဆရာ့ဆီ ဖုန်းဆက်ပါ့မယ်ခင်ဗျာ"



## စောင့်ဝါဦး

"ကျွန်တော်ရဲ့ ခွဲစိတ်ကုသ ခံယူမှုဟာစိတ်ချရမှု ရာနှုန်း ဘယ်လောက်ရှိသလဲ"

"ကျွန်တော်တို့က ခွဲစိတ်ခန်းက ထွက်မှ အောင်မြင်မှုသတင်းကို ကြေငြာလေ့ရှိပါတယ်"



www.burmeseclassic.com


www.burmeseclassic.com



## ပြောမှား ဆိုမှား ခွင့်လွှတ်ပါ

"စဥ်းစားပါဗျာ။ ဆရာဝန် တစ်ယောက် ဖြစ်ဖို့ အချိန်တွေရင်းရတယ်။ ငွေတွေရင်းရတယ်။ ကြိုးစားအားထုတ်မှု၊ လေ့လာဆည်းပူးမှုဆိုတဲ့ လူပင်ပန်း စိတ်ပင်ပန်း ရင်းနှီးခဲ့ရတာ တွေ ရှိတယ်"

"ဆရာရယ် ... ကျွန်တော်တို့ လူနာဆိုတာကလည်း အသက်ကို ရင်းထားရတာပါဆရာ"



## တိုင်ဝင်များ ထားကြသလား

လူနာတစ်ယောက်က

"ဆရာမလေးကတော့ ရောဂါအမျိုးမျိုး ခံစားနေရတဲ့ လူနာတွေ တွေ့နေရမှာပဲနော်"

"ဟုတ်ကဲ့"

"တစ်ယောက်တစ်မျိုးဆိုတော့ စိတ်မညစ်ဘူးလား"

"ရောဂါတွေသာ မတူတာပါရှင်။ ကျွန်မကို စိတ်ညစ်အောင် လုပ်ပုံကတော့ အားလုံးတစ်မျိုးတည်းပါပဲ"





## မေ့မေ့ပျောက်ပျောက်

"လူနာတွေက သူတို့ရဲ့ ရောဂါကို မေ့မေ့ပျောက်ပျောက်နဲ့ သက်သာတဲ့ နေ့တွေရှိတယ်။ ဆရာမ သတိထားမိရဲ့လား"

"ဟုတ်ကဲ့ သတိထားမိပါတယ်"

"ဘာကြောင့်လို့ ထင်သလဲ"

"ကိုရီးယားကားအကြောင်း ပြောနေကြလို့ပါ"



## လွဲနေပြီ

ဆရာဝန်က လူနာကို စမ်းသပ်နေတယ်။သူနာပြုဆရာမလေးက ဆရာဝန်ရဲ့ နောက်မှာရပ်နေတယ်။ လူနာက ဆရာမလေးကို ကြည့်နေတာနဲ့ ဆရာဝန် ခိုင်းတာကို မကြားလိုက်ဘူး။ ဒီတော့ ဆရာမလေးက ပြုံးလိုက်မိတယ်။ လူနာက ဆရာမလေးပြုံးတာကို ကြည့်ပြီး မျက်စိမှိတ်ပြလိုက်တယ်။ ဒါနဲ့ ဆရာဝန်က

"လူနာ မျက်စိမှိတ်ပြရမှာမဟုတ်ဘူး၊ လျှာထုတ်ပြရမှာ"



www.burmeseclassic.com

www.burmeseclassic.com



## ဆေးက ခဏခဏ
## သောက်ရမှာဆိုတော့ . . .

လူနာက ဆေးရုံမတက်ချင်ဘူး။ ဆရာဝန်က တက်စေချင်တယ်။ ဒီတော့ ဆရာဝန်က သူနာပြုဆရာမလေးကို ခေါ်ပြီး –

"ဆရာမလူနာကို ဆေးတစ်ကြိမ် တိုက်မယ်"

ဆရာမလေးက ဆရာဝန်ညွှန်ကြားတဲ့ ဆေးတွေကိုယူပြီး လူနာကို တိုက်တယ်။

"ဒီဆေးနှစ်လုံး အရင်သောက်။ ပြီးရင် ဒီဆေးသောက်မယ်နော်။ ရေလေး နည်းနည်းလေးငုံလိုက်။ ဆေးကိုထည့်ပြီး တောက်လျှောက်မြိုလိုက်၊ ဒီဆေးက လျှာမှာကပ်နေတတ်လို့။ လူနာရယ် ကလေးလေးလည်းမဟုတ်ဘဲနဲ့ ဆေးသောက်ရမှာ ကြောက်ရတယ်လို့။ အမြန်မြိုချတော့ ကနစ်သီးမှာပေါ့"



ဆရာမလေးက သန့်ရှင်းရေးပါ လုပ်ပေးလိုက်တယ်။ ဆရာဝန်က

"ဆေးရုံမတက်ချင်ရင်ဆေးတွေ ယူသွားပါ။ ခင်ဗျားရဲ့ ဇနီးကို တစ်နာရီ





တစ်ကြိမ်ဆေးတိုက်ဖို့ သတိပေးလိုက်မယ် "

လူနာက ခဏစဉ်းစားလိုက်ပြီး

"ဆေးရုံပဲ တက်တော့မယ် ဆရာ"



## မရှိတော့ဘူး

အဘိုးကြီးတစ်ယောက်က ဆေးခန်း ထဲဝင်လာပြီး

"ဆရာလေး အားဆေး ထိုးချင်လို့"

"ဟာ အဘ မနေ့ကမှ အားဆေး ထိုးသွားသေးတာ မဟုတ်လား"

"ကုန်သွားလို့ပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



## သိတာပေါ့

"သွားကိုက်လို့ဆရာ"

"အရင်က ကိုက်ဖူးသလား"

"မကိုက်ဖူးဘူးဆရာ"

"ခုမှ ကိုက်တာပေါ့"

"ဟုတ်ပါတယ်ဆရာ။ မနေ့က အသားဟင်းစားပြီးကတည်းက ကိုက်တာ။ ညကဆို အိပ်လို့ကိုမရဘူး"

"ဟုတ်ပြီ ဒါဆို အရင်က ခင်ဗျား အသားမစားဘူးဆိုတဲ့ သဘောပဲ။ ခင်ဗျား ၁၂ လမ်းမှာနေတယ် မဟုတ်လား"

"ဆရာဘယ်လိုလုပ်သိသလဲဟင်"

"မနေ့က ၁၂လမ်းမှာ အလှူရှိတယ်လေ"







## မိန်းကလေးတွေ ပါတယ်

"မျက်စိ စမ်းသပ်ချင်လို့"

"ဘယ်လိုနေလို့လဲ"

"ကြည့်မကောင်းဘူးဆရာ။ ဝါးနေတယ်။ အားမရဘူး"

"ဘယ်လောက်ကြာပြီလဲ။ သတိထားမိတာ"

"တစ်လလောက်ပဲရှိသေးတယ်ဆရာ"

"ဘယ်လိုလုပ်သိတာလဲ"

"ပြီးခဲ့တဲ့လဆန်းကမှ မျက်နှာချင်းဆိုင်မှာ အိမ်ငှားတွေ ပြောင်းလာတာဆရာ"





www.burmeseclassic.com

www.burmeseclassic.com



## မကြာမီ လာမည်

"ဟာ မင်း သံတူ မဟုတ်လား။ တစ္ဆေဖြစ်နေတာပေါ့လေ"

"ဟုတ်ပါတယ်ဆရာ"

"မင်းမိန်းမလည်း ဝါဆီလာဆေးကုနေတယ်၊ မင်းယူထားတဲ့အကြွေးတွေ ဆပ်နေရလို့ မကျေမနပ်နဲ့ မင်းရောက်တဲ့ ဘဝလိုက်ပြီး တွယ်ဦးမယ်ချည်း ကြိမ်းနေလေရဲ့။ သူရောဂါအခြေအနေ ငါသိတယ်။ မင်းသတိနဲ့သာ နေပေရော့"



## မှန်းခြေ

ဆရာဝန်သူငယ်ချင်း နှစ်ယောက် ဆုံမိတော့ ...

"တစ္ဆေဆိုတာ ရှိတယ်လို့ ယုံသလား"

"ယုံဖို့ခက်တယ်ကွ"

"ဘာလို့လဲ"

"ဒီနေ့ထိ တစ္ဆေက ကူးစက်တဲ့ ရောဂါ ရယ်လို့ မရှိသေးဘူးကွာ။ ရှိရင်လည်း တစ္ဆေဆိုတာ သန့်သန့်လေးတွေပဲ ဖြစ်ရမယ်"





## မှားပါတယ်

"ငါ ဆေးခန်းပိုင်ရှင်ကြီး ဦးဘောဂကို သွားခြောက်မိပါတယ်။ ငါပဲ ဒုက္ခရောက်လာတယ်"

"ဘာလို့"

"သူ့တိုက်ရှေ့က ပန်းအိုးကို တိုက်နောက်ရွှေ့ပြတာကွ။ အံ့အားသင့်ပြီး ကြည့်နေတာ။ ဒါနဲ့ နောက်တစ်အိုးရွှေ့ပြတော့ လာကြည့်စမ်းဟာ တစ္ဆေခြောက်နေတယ်ဆိုပြီး သူ့မိန်းမခေါ်ပြတယ်။ နောက်ထပ်တစ်အိုး ရွှေ့ပြတော့ သူ့ဒရိုင်ဘာ လှမ်းအော်ခေါ်တော့တာ။ 'မောင်တူးရေ ... ဟေး မောင်တူး အလုပ်သမား မငှားနဲ့တော့ ပန်းအိုးတွေ ရွှေ့ပြီးသွားပြီ' တဲ့"





www.burmeseclassic.com

www.burmeseclassic.com



## ဝမာခန့် နိုင်လွန်းလို့

ဒေါ်ငွေအိုးမှာ သွေးတိုးရောဂါရှိတယ်။ အပေါ်သွေး ၁၈၀၊ အောက်သွေး ၁၀၀ ဖြစ်ပြီး ဆေးခန်းရောက်လာတော့ ဆရာဝန်က

"အစားမှားသလား"

"မမှားဘူးဆရာ။ ဒေါသဖြစ်လွန်းလို့နေမှာ"

"စိတ်ထိန်းမှပေါ့။ ဘာလို့ဒေါသဖြစ်ရတာလဲ"

"သေသွားတဲ့ သမက်လေ။ လူကို လာခြောက်တာ"

"စိတ်ပါပဲ အဒေါ်ရယ်။ တစ္ဆေဆိုတာ လူကိုဘာမှ မလုပ်နိုင်ပါဘူး"

"အဲဒါတော့ သိတာပေါ့ကွယ်။ ခုဟာက သူ့ကို ငါက ဘာမှ မလုပ်နိုင်လို့ ဒေါသဖြစ်ရတာ"



ကံချွန်စာပေတိုက်



## လုမှလု

တစ္ဆေခြောက်တယ်ဆိုတဲ့ အိမ်မှာ ဆေးခန်းလာဖွင့်တဲ့ ဆရာဝန်လေးကို လာကုတဲ့လူနာတွေက –

"ဆရာလေး ဒီမှာ တစ္ဆေနဲ့ တွေ့ပြီးပြီလား"

"ရှိလို့လား"

"ရှိတာပေါ့။ ဒီအိမ်ရှေ့ကို မှောင်ရိပ်သန်းတာနဲ့ ဘယ်သူမှ ဖြတ်မသွားရဲဘူး"

"ကျွန်တော်တော့ မတွေ့သေးဘူးဗျာ။ အိမ်အပေါ်ထပ်မှာနေတယ်ဆိုတဲ့ မိန်းကလေးကလည်း ဘာမှ မပြောဘူး"

"ဟာ ဒုက္ခပါပဲ။ အဲဒါတစ္ဆေ ဆရာလေးရဲ့"

"ဟုတ်လား။ ချစ်စရာလေးပါဗျာ"



ကံချွန်စာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



## လိုသေးတယ်

တစ်ခါက ခွဲစိတ်ခံရမယ့်လူနာ တစ်ယောက်ဟာ ခွဲစိတ်ခံရမှာကို ကြောက်တဲ့အတွက် ဗေဒင်တွေမေး၊ လက္ခဏာတွေမေး၊ အကြားအမြင်ဆရာဆီသွားနဲ့ အလုပ်တွေရှုပ်နေတယ်။ ဒီအကြောင်း ဆရာဝန်ကြားတော့

"သိပ်ကြောက်နေတယ်ထင်တယ်"

"ကြောက်တာပေါ့ဆရာ"

"ဒါနဲ့ လက္ခဏာတွေ၊ ဗေဒင်တွေ သွားမေးတော့ ဆရာတွေက ဘာပြောသလဲ"

"သူတို့က ဆရာ့လက္ခဏာပါ ကြည့်ချင်သေးတယ်တဲ့"







## ဆေးတန်ခိုး

ညညမှာ အိပ်မပျော်လို့ဆိုပြီး ဆေးခန်းကို သွားပြတယ်။

"ဆရာ ကိုယ့်ဟာကိုယ်ဝယ်သောက်လို့ရတဲ့ အိပ်ဆေးတို့၊ အားဆေးတို့၊ အိပ်ပျော်စားဝင်ဆိုတာတို့တော့ စုံနေပြီ။ ဘယ်လိုမှကို အိပ်မပျော်တာ။ အဲဒါကြောင့် ဆေးခန်းလာပြရတာပါ"

ဆရာဝန်က စမ်းသပ်ကြည့်ပြီး ဆေးပေးလိုက်တယ်။



"မနက်ဖြန်တစ်ခေါက်လာခဲ့ဦး"

"ဟုတ်ကဲ့ပါဆရာ"

ဒါနဲ့ နောက်ရက်မှာ ဆေးခန်းကို ရောက်လာတော့ –

"ဘယ့်နှယ့်လဲ ကလေးတစ်ယောက်လိုကို နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်တယ်မဟုတ်လား"

"ဟုတ်ကဲ့ ... ဒါပေမယ့် ..."

"ဒါပေမယ့် ဘာဖြစ်သလဲ"

"အိပ်ယာကထတော့ ကလေးတစ်ယောက်လို ငိုမိတယ်ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



## ကွဲပြားသွားအောင်

ဆရာဝန်က ထမင်းဆိုင်မှာ ဝင်စား ရမှာမို့ လက်ဆေးဖို့ ရေတောင်းတယ်။

“လက်ဆေးချင်လို့”

“အဲဒီ စဥ့်အိုးထဲက ခပ်ဆေးလိုက်ပါဆရာ”

“သောက်တော့လည်း ဒီစဥ့်အိုး ထဲက ရေပဲမဟုတ်လား”

“သောက်ရေမို့ မဆေးချင်ရင် ရေ့ချောင်းထဲက ရေနဲ့ ဆေးလိုက်ပါ ဆရာ”



## သူကပြောတယ်

“ပဲဟင်းကို ပြန်သိမ်းသွားပါဗျာ။ အသစ်လဲပေးပါ”

“ဘာလို့လဲဆရာ”

“မသန့်လို့”

“ဘယ်သူက ပြောတာလဲ”

“ပဲဟင်းထဲ ကျနေတဲ့ ယင်ကောင် သုံးကောင်က ပြောတာပါ”





## မင်းသူငယ်ချင်းဆိုလို့

● မင်းငါပြောတဲ့ ဆရာဝန်ဆီ သွားပြရဲ့လား။

○ ပြတယ်။

● ငါက လွှတ်လိုက်တာလို့ ပြောရဲ့လား။

○ ပြောတာပေါ့။

● ဒီတော့ ဆရာဝန်က ဘာပြောလဲ။

○ ကုသစရိတ် ကြိုတင်ပါတဲ့။



## လက်ထပ်မယ်

ဆရာဝန်က လူနာကို ကြည့်ပြီး

“ခင်ဗျားအခြေအနေ ကောင်းပါတယ်”

“ဘယ်လိုကောင်းတာလဲဆရာ။ ဆရာကျွန်တော့်ကို စမ်းသပ်စစ်ဆေးမှု မလုပ်တာ သုံးရက်ရှိပြီ”

“ရော့ သူနာပြုဆရာမလေးက စာပေးသွားတယ်”



www.burmeseclassic.com

www.burmeseclassic.com



## မသိဘူးလား

ဆေးဆိုင်ရှေ့မှာ အဘိုးကြီးသုံးယောက်က လာရပ်လိုက်တယ်။ အကျီလက်တို အပွင့်၊ အကွက်တွေနဲ့၊ ဘောင်းဘီရှည်နဲ့။ ဆေးရောင်းသူက

"အဘတို့ ဘာဆေးလိုချင်လို့လဲ"

ဒီတော့ အဘိုးကြီးသုံးယောက်က တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ပြီး

"စိန်ကဲ ရွှေကဲထက် လူကဲခတ်ရခက်တယ်ဆိုတာ ဟုတ်တယ်ကွ"

## အော်သင့်ပါတယ်

အဘိုးကြီးနှစ်ယောက် ဆုံမိတော့

"မနက်က ခင်ဗျားသမီးက ခင်ဗျားကို ဘာလို့အော်နေတာလဲ"

"ကုမ္ပဏီကလိုက်ရောင်းတာ ဆိုတဲ့ ကလေးမလေးတွေဆီက သွားတိုက်ဆေး ဝယ်လို့တဲ့။ အသက်ကကြီးလာတော့မေ့တတ်တယ်ဗျာ။ ဝယ်ပြီးမှ ငါ့မှာ သွားမရှိပါလားဆိုတာ သတိရတယ်"







## ကျန်းမာရခြင်း အကြောင်းအရင်း

ဆရာဝန်က အသက် ၈၀ ကျော် သူဌေးကြီးကို စစ်ဆေးကြည့်ပြီး

"ကျန်းမာရေးကတော့ အိုကေပဲ"

"အလုပ်လုပ်နေတာကိုးကွ"

"အလုပ်မလုပ်တော့ဘဲ သက်သောင့်သက်သာ နားဖို့ စိတ်မကူးဘူးလား"

"မကူးပါဘူး၊ ချူခြာသွားမှာပေါ့"

"ဘာလို့လဲ"

"ဟ – ကိုယ့်အိမ်မှာ ကိုယ်နေရင် စက္ကူရီထေရီငှားလို့ ဖြစ်ပါ့မလားကွ"





www.burmeseclassic.com

www.burmeseclassic.com



## ကူညီဝါ

"ငါ့တူ အာရုံကြောအားဆေးသောက်ရင် ငယ်ငယ်ကအကြောင်းတွေ ပြန်မှတ်မိပါ့မလား"

"မှတ်မိတာပေါ့။ လူလည်း ဖြတ်လတ်တက်ကြွလာမယ်။ အဘက ခုသတိမေ့တတ်နေလို့လား"

"မေ့ချင်တာမမေ့ဘဲ၊ မမေ့ချင်တာကို မေ့နေလို့ကွ။ ငယ်ရည်းစားကို တွေးလိုက်တိုင်း အိမ်က အဘွားကြီး မျက်နှာပဲ မြင်မြင်နေလို့"



ကံချွန်စာပေတိုက်



## ကြည့်မယ်

"အားကစားနဲ့ ကျန်းမာရေး ယှက်နွယ်နေတာ"

"ဟုတ်ကဲ့ ပြောပါဦး ဘ"

"ဘအသက် ၈၀ကျော်ပြီး။ ငယ်ငယ်က အားကစားကို ကိုယ်တိုင်လုပ်တယ်။ ၇၀ ကျော်နောက်ပိုင်းမှာတော့ သူများအားကစားလုပ်တာကို အားပေးတယ်။ ဒါလည်း ကိုယ်တိုင်လုပ် သလောက်ကျန်းမာစေတာပဲ"

"ဟုတ်ရဲ့လား ဘ"

"ကိုယ်တွေ့ပါမောင်ရာ။ ငါက ရေကူးအားကစားကို အမြဲအားပေးတယ်"



ကံချွန်စာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



## ဝဲ ယာပတ်လည်

ငယ်သူငယ်ချင်း အဘိုးကြီးနှစ်ယောက်ဆုံမိတော့

"မင်းကတော့ ကျန်းမာရေး အတော်ကောင်းတာပဲ။ ဆေးစွမ်းကောင်းလေးများရှိရင် ပေးစမ်းပါဦးကွာ"

"ဆေးစွမ်းကောင်းရယ်လို့ မရှိပါဘူးကွာ"

"ဒါနဲ့ မင်းအခုဘာလုပ်နေသလဲ"

"ဝါ့ရဲ့ ဘေးအခန်းကိုတော့ ဆံပင်အလှပြင်ဆိုင် ငှားထားတယ်ကွာ။ အပေါ်ထပ်ကိုတော့ အေရိုးဘစ် သင်တန်းကိုငှားထားတယ်"







## ရွေးရမယ်ဆို ...

ဆရာဝန်သူငယ်ချင်း နှစ်ယောက်ဆုံမိတော့

"တခြွေတို့ သရဲတို့ကို ဆေးကုရမယ် ဆိုရင် မင်းဘယ်ဟာကို ကုမှလဲ"

"သရဲကုဆရာဝန်ပဲလုပ်မယ်"

"ဘာလို့လဲ"

"ရုပ်ရှင်တွေထဲမှာ ကြည့်ရတာတော့ တခြွေက အငွေ့လိုပဲကွ။ သရဲကတော့တော်တော်ညစ်ပတ်တာ။ ဒီတော့ သရဲတွေမှာပဲ ရောဂါအဖြစ် များနိုင်တယ်"



## ရပေါက် ရလမ်းမမြင်

"သူငယ်ချင်း မင်းတခြွေတို့ သရဲတို့ ကိုမယုံဘူးလား"

"စိတ်မဝင်စားပါဘူးကွာ၊ ရှိတော့ ရော တို့အတွက် ဘာထူးမှာလဲ။ အဲဒီလောကမှာ ဘာရောဂါမှ ရှိပုံမပေါ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



## ကြောက်တာပဲ ဖြစ်မယ်

"ငါကုပေးလိုက်တဲ့ လူနာတစ်ယောက် တစ္ဆေဖြစ်နေတယ်ကွ"

"ဟုတ်လို့လား"

"ဟုတ်ပ။ ဆေးထိုးချင်လို့ဆိုပြီး စမ်းသပ်ကုတင်ပေါ်တက်အိပ်တာ။ ငါကလည်း ရုတ်တရက် သူသေသွားပြီဆိုတာမေ့နေတယ်။ ဆေးထိုးမယ်လည်းလုပ်ရော၊ ပျောက်သွားရော"

"မင်းကိုခြောက်တာတော့ မဖြစ်နိုင်ဘူး၊ ဆေးဖိုးတောင်းမှာ ကြောက်လို့ထွက်ပြေးတာနေမှာ"



## ဦးစားမပေးပါဘူး

ဆေးခန်းကိုလာတဲ့ ဆရာဝန်ဟာ သူ့ဆေးခန်းရှေ့မှာ လူနာတွေ စုပြုံရုပ်နေတာ တွေ့တော့

"ဘာလို့ဝင်မထိုင်ကြတာလဲ"

"ဆရာ့ဆေးခန်းထဲမှာ တစ္ဆေ ရောက်နေတယ်ဆရာ"

"ရောက်နေလည်း နံပတ်စဉ်အတိုင်းကုပေးမှာပေါ့ဗျာ"

ကံချွန်စာပေတိုက်



## ဒီကောင်လူလည်

တစ်ခါက ဆေးရုံမှာတာဝန်ကျတဲ့ ဆရာဝန်မလေးက သူ့ သူငယ်ချင်းဆရာဝန်ကိုမေးသတဲ့။

"နင်ကတော့ ဒီမှာ ဂျူတီကျတာကြာပြီဆိုတော့ သိမှာပေါ့။ ဒီအဆောင်က တစ္ဆေခြောက်တတ်သလား"

"ငါတော့ မတွေ့ဖူးဘူး။ နာမည်တော့ကြီးတယ်"

"မနေ့ညက ငါ့ကို ခြောက်လို့"

"တော်တော်လန့်သွားမှာပေါ့"

"ဟင့်အင်း၊ အဲဒီတစ္ဆေက တော်တော့်ကို ချောတယ်ဟ"

အဲဒီတင် သူငယ်ချင်းဆရာဝန်က

"ဟာ ဒီကောင်လူလည်။ ငါ့လူနာ။ အလှန်ရှုပ်လို့ ပွဲလို့ ရောဂါရပြီး ဆုံးသွားတဲ့ကောင်ပါ"



ကံချွန်စာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



## အကူပါ

ဆရာဝန်က ဆေးထိုးမယ်အလုပ်မှာ ဆေးထိုးအပ်က အလိုလိုမြောက်တက်လာတယ်။ ဆရာဝန်က ဆေးထိုးအပ်ကို ယူပြီးချိန်မှာတော့ ဂွမ်းနဲ့ပလာစတာက ဆေးထိုးပြီးရင် ကပ်ဖို့လေထဲမှာအဆင်သင့် ရောက်လာပြန်တယ်။ လူနာက ကြောက်လန့်ပြီး အော်မယ်လုပ်တော့ ဆရာဝန်က

"မကြောက်ပါနဲ့ ... အရင်က ကျွန်တော့်ဆီ ကူနေတဲ့ ကောင်လေးပါ"



## ကူညီပါ

"ခင်ဗျား အိပ်ရေး၀၀ အိပ်ဖို့လိုတယ်။ ဒါမှ မြန်မြန်အားပြည့်မှာ"

"ဒါဆို ဆေးထောက်ခံစာလေး ရေးပေးပါလားဆရာ။ ကျွန်တော့်ကို ကုန်ပစ္စည်းသိုလှောင်ရုံမှာ ပြောင်းရွှေ့နေရာချထားပေးဖို့။ အရောင်းဌာနမှာက ဆူညံတယ်ဆရာ"

ကံချွန်စာပေထိုက်



## လွန်တာပေါ့

"ဘာတွေ မကျေမနပ်ဖြစ်နေတာလဲ"

"ကျုပ်တူအိတ်ထဲက ကွန်ဒုံးတွေ တွေ့လို့"

"ဒါ ဒေါသဖြစ်စရာလားဗျာ၊ ကျန်းမာရေး ဗဟုသုတရှိတယ်လို့ မြင်ပေးလိုက်ပါ"

"ကျန်းမာရေး ဗဟုသုတရှိရင် ကိုယ့်ဟာကိုယ်ဝယ်ပေါ့ဗျာ။ ဘာလို့ ကိုယ့်ဦးလေးအိတ်ထဲက နှိုက်ရတာလဲ"



## လိုတယ်

"ညည အိပ်မပျော်ဘူး ဆရာ။ အားယုတ်ပြီး နုံးနေလို့"

"အားဆေးထိုးပေးလိုက်မယ်"

"အိပ်ဆေးပါ ပေးပါဆရာ"

"ဆေးထိုးလိုက်ရင် အိပ်ပျော် သွားမှာပါ"

"သောက်ဆေးက ကျွန်တော့်မိန်းမကို တိုက်ဖို့ပါဆရာ"

ကံချွန်စာပေထိုက်

www.burmeseclassic.com

www.burmeseclassic.com



## ကျွန်မသိတယ်

"ဆရာမ ဟို လက်အကြောကပ်နေတဲ့လူနာ ဘယ်လိုနေသေးလဲ"

"ခုမနက် ဆေးမတိုက်ခင်ကတည်းက ပျောက်နေပြီဆရာ"

"သေချာရဲ့လား"

"ကျွန်မ အရှောင်မြန်လို့ ဆရာ"



## မလိုတော့ဘူး

"ခင်ဗျားယောက်ျားကို အနားယူဖို့စီစဉ်ပေးပါ။ သူ့စိတ်ချမ်းသာဖို့လိုတယ်။ သူ့စိတ်ချမ်းသာဖို့ အဓိကပဲ"

"ကျွန်မမပြောရဲဘူးဆရာ။ ဒီတစ်ခါနာလံထလာမှ ကျွန်မကို အော်လား၊ ဝေါက်လားနဲ့ ရိုက်မယ်ထိုးမယ် တောင်လုပ်ချင်တယ်။ ရပြီးကတည်းက တစ်ခါမှ ခုလိုမလုပ်ဖူးဘူး"

"ဟုတ်ပြီ ဒါဆို အိမ်မှာနေရင်လည်း ဖြစ်တယ်"





## လွယ်ပါတယ်

ဆေးဆိုင်မှာလာဝယ်သူတစ်ဦးက

"ဟိုဟာဖြစ်ချင်လို့။ ဟိုဒင်းပြုအောင် ဟိုဟာအတွက် ဟိုဟာပြု ဖို့သောက်ချင်လို့"

"ဟိုဟာပြုကာနီးမှာ ဟိုဒင်းပြုအောင်လို့လား။ ဟိုဟာပြုပြီးမှ ဟိုဒင်းပြုအောင်လို့လား"

"ဟိုဟာပြုကာနီးမှာ ဟိုဒင်းပြုချင်တာ"

ဆိုင်ရှင်က ဆေးပေးရင်း အရောင်းသင်ဖို့ရောက်လာတဲ့ လူငယ်ဘက်လှည့်ပြီး

"နောက်မှတ်ထား။ နားလည်ရခက်တဲ့ ပြောနည်းမျိုး ပြောလာရင် လူရှေ့ဖွင့်ပြောရခက်တဲ့ ဆေးလိုချင်လို့။ ဟောဒီမှန်မှာ ဖွင့်အပြောရခက်သော ဆေးများ ဆိုပြီး ငါရေးထားတဲ့ စာရင်းရှိတယ် တစ်မျိုးပြီးတစ်မျိုးသာ ထုတ်ပြလိုက်။ သုံးနေကျဆေးကို ယူသွားလိမ့်မယ်"





www.burmeseclassic.com

www.burmeseclassic.com



## ဟင်းအင်း

"လူနာမဟုတ်တော့ဘူး။ ခင်ဗျား နေကောင်းသွားပြီ။ ဆေးမှတ်တမ်းတွေ အားလုံး အိုကေပဲ။ ဆင်းလို့ရပြီ"

"မဆင်းပါရစေနဲ့ဦးခင်ဗျာ"

"ဘာလို့လဲ"

"ဆေးဖိုးလိုတဲ့ငွေထပ်ရှင်း ရမှာကို ရှာတုန်း၊ ဖွေတုန်းမို့ ကျွန်တော် အပေါင်သဘောမျိုးနဲ့ ဒီမှာပဲ နေပါရစေဦး"



## ရောင်းခွင့်ပြုပါ

အအေးဆိုင်မှာ အအေးသစ်သီးစုံ သောက်တဲ့ လူတစ်ယောက်ဟာ သောက်ပြီးတာနဲ့ မူးလဲသွားတော့ သူ့ဆိုင်ကို ကျန်းမာရေးဌာနက လာပြီး စစ်ဆေးတယ်။ ဒီတော့ ဆိုင်ရှင်က

"ကျွန်တော့်အအေးက လူနဲ့ မတည့်တာတော့ မဖြစ်နိုင်ပါဘူးခင်ဗျာ။ အဲဒီလူက အအေးနဲ့ မတည့်တာပဲ ဖြစ်ပါလိမ့်မယ်"





## ကျွန်တော် မပြောတတ်ဘူး

တစ်ခါကထမင်းဆိုင်မှာ ထမင်းစားတဲ့ လူတစ်ယောက်ဟာ စားသောက်ပြီးတာနဲ့ တဝေါဝေါထိုးအန်လို့ ဆေးရုံရောက်သွားတယ်။ ဒီတော့ သက်ဆိုင်ရာက လိုက်လာပြီး အစားအသောက်တွေကို စစ်ဆေးရင်း ဆိုင်ရှင်ကိုမေးတယ်။

"သူစားတဲ့ ဟင်းမျိုး သူ့အရင် ဘယ်သူစားသေးသလဲ"

"လူ နှစ်ဆယ်လောက် စားပြီးပါပြီ ခင်ဗျာ"

"အဲဒီလူတွေ ဘာဖြစ်သလဲ"

"စားပြီးတာနဲ့ ပြင်ဦးလွင်တက်သွားကြတာဆိုတော့ ပြင်ဦးလွင်ဆေးရုံကိုဖုန်းဆက်မေးမှ သိရမှာပါ"





www.burmeseclassic.com

www.burmeseclassic.com



## သူ့အလှည့်

ဆရာဝန်တစ်ယောက်က ထမင်းစားဖို့ ထမင်းဆိုင်ထဲဝင်လာပြီး

"အစားအသောက်တွေက လတ်ဆတ်ရဲ့လား"

"ဟုတ်ကဲ့ လတ်ဆတ်ပါတယ်"

ဆိုင်ရှင်က ဆရာဝန်ကိုကြည့်ပြီး ဆေးခန်းထဲမှာ ချိတ်ထားတဲ့ စာတန်းကို အမှတ်ရသွားတာနဲ့

"ဆရာနဲ့ မတည့်တဲ့ အစားအစာ ရှိရင်တော့ ကြိုတင်ပြောပါခင်ဗျာ"



## ဖြစ်မယ်ထင်လို့

"အစာစားရင် သတိထားဗျာ။ ကိုယ်နဲ့ မတည့်တာစားမိရင်လည်း အန္တရာယ်။ အစားအစာချင်း မတည့်တာ စားမိရင်လည်း အန္တရာယ်။ မတည့်ပဲနဲ့ အတူစားမိလို့ ဖြစ်တဲ့ အန္တရာယ်က ပိုဆိုးတယ် "

ဆရာဝန်ရဲ့ စကားဆုံးတော့ လူနာက သူ့ဇနီးဘက်လှည့်ကြည့်ပြီးမှ

"ဆရာ မတည့်တဲ့လူနဲ့ အတူစားရင်ရော ..."

တံချွန်စာပေတိုက်



## မပူနဲ့

စားသောက်ဆိုင်မှာ ထမင်းစားပြီးတာနဲ့ မူးလဲသွားတဲ့ မိန်းမတစ်ယောက်ကို လူတွေက ဝိုင်းအုံကြည့်ပြီး

"ဆေးခန်းအမြန်ပို့လေ"

"ကားပါသလား။ ဘယ်သူ ကားပါသလဲ"

"ဆရာဝန်ဖုန်းဆက်ခေါ်ပါလား"

တစ်ယောက်တစ်မျိုး စိုးရိမ်တကြီးပြောနေကြတော့ ဆိုင်ရှင်က

"စိတ်မပူကြပါနဲ့ဗျာ။ အေးအေးဆေးဆေးနေကြပါ။ အဲဒါ ကျွန်တော့်ဇနီးပါ" လို့ ပြောလိုက်တယ်။



တံချွန်စာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



## အစာကတော့ မဖြစ်လောက်ဘူး

ဆရာဝန်က လူနာကို စမ်းသပ်ကြည့်လိုက်ပြီး

"မတည့်တဲ့အစားအစာများ စားမိသလား"

"မစားမိဘူးဆရာ။ စားရိုးစားစဉ်ပါပဲ"

"အစားအစာ အပြောင်းအလဲ မရှိဘူးလား"

"မရှိပါဘူးဆရာရယ် နှစ်သုံးဆယ်ကျော်ပါပြီ"

"ပြောစမ်းပါဦး"

"အချဉ်ဟင်း၊ ငရုတ်သီးထောင်း– အကြော် တစ်ခါတစ်လေတော့ ပဲလှော်ပေါ့"







## အိမ်ကပ်အောင်

"ဆရာ ကျွန်မရဲ့ မျက်နှာကို ပြုပြင်ချင်လို့"

"ဘာလို့ ပြုပြင်ချင်ရတာလဲ"

"ကျွန်မအမျိုးသားက ပြောလို့ပါ ဆရာ 'ငါက စိတ်ပြောင်းသွားတာ မဟုတ်ဘူး။ မင်းက ရုပ်ပြောင်းသွားတာ'တဲ့"

## အခြေအနေ

"ဆရာ ... ကျွန်တော့်မိန်းမ လှေကားပေါ်က လိမ့်ကျလို့ဆရာ"

"အို ... ဟုတ်လား၊ ကျွန်တော် ချက်ချင်းလာခဲ့ပါမယ်၊ လိပ်စာပြောပါ"

"အေးအေးဆေးဆေးလာပါ ဆရာ၊ စိတ်မပူပါနဲ့"

"လှေကားက နိမ့်သလား"

"၂၁ ထစ်တည်းပါဆရာ။ သတိမေ့နေတော့ ဝေဒနာခံစားနေရပုံမပေါ်ဘူး"





www.burmeseclassic.com

www.burmeseclassic.com



## မပူနဲ့

"တော်ဖျားနေတယ်မဟုတ်လား"

"အေး"

"ရုံးသွားဦးမှာလား"

"သွားရမှာပေါ့"

"ဒီအဖျားတွေက ကူးတတ်တယ်တဲ့။ စက္ကူရီထေရီနဲ့ နီးနီးကပ်ကပ်မနေနဲ့နော်"

"သူက အရင်ဖျားတာကွ"



## အလုပ်နားလိုက်

အဝတ်လျှော်ဖို့လာတဲ့ကောင်မလေးက

"ဟပ်ချီး ... ဟပ်ချီး ... ဟပ်ချီး"

ဒီတော့ အိမ်ရှင်အမျိုးသားက

"မင်းအလုပ်နားလိုက်"

"ရပါတယ်"

"ရပေမယ့် ဟပ်ချီး ... ငါကလည်း နှာချေနေတော့ ... ဟပ်ချီး ... ဟပ်ချီး ဒါက ကူးစက်တတ်တဲ့ သဘော ရှိတော့ ဟပ်ချီး ... ငါ့မိန်းမ မလာခင် မြန်မြန် မြန်။ အထင်လွဲမခံနိုင်ဘူး ဟပ်ချီး ..."





## ဒီတစ်ခါက

မိန်းမနဲ့ တွဲသွားရရင် မျက်နှာကြီး ရှုပုပ်ပြီး အလိုမကျဖြစ်နေလေ့ရှိတဲ့ မောင်မောင်ဟာ တစ်ရက်မှာတော့ သူ့မိန်းမကို စက်ဘီးနောက်က တင်နင်းလာရင်း မျက်နှာကလည်း ပြုံးရွှင်နေတယ်။ သူ့ကိုမြင်လိုက်ရတဲ့ သူငယ်ချင်းက ထူးဆန်းနေလို့

"မောင်မောင် ဘယ်လဲကွ"

"ဟေ ... အေး ... ငါ့မိန်းမ ဆေးရုံတက်ရမှာကြောင့်လိုက်ပို့တာ"





www.burmeseclassic.com

www.burmeseclassic.com



## အမျိုးသားရဲ့ဆန္ဒ

"ဒေါက်တာပါလားခင်ဗျာ"

"ဟုတ်ပါတယ်"

"ဆရာရဲ့လူနာ ဒေါ်စိန်ထွားလေ"

"ဟုတ်ကဲ့ ... ဘာဖြစ်လို့လဲ။ ကျွန်တော် သူ့ကို ပင်လယ်ကမ်းခြေ သွားပြီး အနားယူဖို့ အကြံပေးလိုက်ပါတယ်"

"ဟုတ်ပါတယ်ဆရာ၊ ခုသူသွားပါပြီ။ အဲဒါ အချိန်ကန့်သတ်မှုလေး မပါလို့။ အနည်းဆုံး ဖလလောက် နားသင့်တဲ့အကြောင်း စာလေးရေးပေးပါ ဆရာ။ ကျွန်တော် ပို့လိုက်ချင်လို့"

"ခင်ဗျားက ..."

"သူ့ခင်ပွန်းပါ"







## ကူညီပါ

"ဆရာ ကျွန်တော် အကူအညီ လေးတစ်ခုတောင်းချင်လို့"

"ပြောပါ"

"အခန်း ၉ က လူနာက ကျွန်တော့် ဇနီးပါ"

"ဟုတ်ကဲ့ ဘာလုပ်ပေးရမလဲ။ အခြေအနေ ကောင်းပါတယ်။ နက်ဖြန် ဆို ဆင်းလို့တောင်ရနေပြီ"

"အဲဒါကြောင့် လာအကူအညီ တောင်းတာပါဆရာ။ ဆင်းလို့ရပြီ ဆို တာ သူ့ကိုမပြောပါနဲ့ဦး"





www.burmeseclassic.com

www.burmeseclassic.com



## လုပ်သင့်တာ

ဆရာဝန်ကြီးတစ်ယောက်ဟာ စကားကို လိုရင်းပဲပြောလေ့ရှိတယ်။ ဆေးခန်းမှာလည်း သူ့အချိန်ရော ကိုယ့်အချိန်ရောလေးစားပါ၊ မဖြုန်းပါနဲ့ ဆိုပြီး စာတန်းက ချိတ်ထားသေးတာ။ သူ လူနာတွေနဲ့ စကားပြောပုံက

"ဘာဖြစ်သလဲ"

"ကျွန်တော်မကြာခဏ သတ်ချင် ဖြတ်ချင်စိတ်တွေ ပေါ်ပေါ်နေတယ် ဆရာ။ အဲဒါဘာလုပ်သင့်သလဲ။ အလုပ် သင့်ဆုံးပေါ့"

"အဲဒီစိတ်မပေါ်ခင် ကျုပ်ဆေးခန်း ထဲက ထွက်သွားပါ"







## ပျောက်တဲ့အပြင်

ဆရာဝန်ကြီးက ဆေးထိုးပေးပြီး ပေမယ့် လူနာက ဆေးဖိုးမပေးဘဲ ရပ်နေ လို့

"ဘာပြောချင်သေးလို့လဲ"

"ကျွန်တော် အားကြီးမေ့တတ် တယ်ဆရာ။ ဒီကို ဘာရောဂါကုဖို့လာ တာပါလိမ့်ဆိုတာ စဉ်းစားနေတာ"

"ဒါဆိုဖြစ်တဲ့ ရောဂါပါ မေ့သွား လောက်အောင်ထိ ကုပေးတဲ့အတွက် ၂၀၀ ယူရပါမယ်"



## မေးပါရစေ

"ခင်ဗျားရဲ့ရောဂါ တစ်ဝက်တော့ ပျောက်သွားပြီ။ ဒီနေ့ဆေးထိုး ဆေး သောက်လိုက်ရင် အိုကေပဲ"

"ဟုတ်လားဆရာ၊ ဒါဖြင့် ဒီနေ့ ဆေးဖိုးလည်း တစ်ဝက်ပဲပေးရတော့မှာ ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



## ဘယ်လိုဖြစ်ပါလိမ့်

ဆရာဝန်နှင့် သူ့ဇာသူငယ်ချင်းတို့ ဆုံမိတော့ ...

"ဟာ ... ငါက မင်းသေသွားပြီလို့ ကြားနေတာ"

"မသေဘူးလေကွာ ခုမင်းမြင် တဲ့အတိုင်းပဲ"

"ပြောတဲ့လူက မင်းထက်တော့ သိကွာရှိတယ်ကွ။ သူ့စကားကတော့ မမှားနိုင်ဘူး"



## လိမ်နည်းအသစ်လိုဗလား

"ခင်ဗျားဇနီးအတွက် လုံးဝ စိတ် မပူနဲ့တော့ ဆေးရုံက ဆင်းတာနဲ့ လူသစ် စိတ်သစ်ဖြစ်ပြီ"

"တကယ်လားဆရာ"

"တကယ်ပါ"

"ဒုက္ခပါပဲ။ အရင်ကလိမ်နည်းတွေ နဲ့ လိမ်လို့ရပါဦးမလား"





## ကြည့်သွားပြီ

မျက်စိဆရာဝန်ဆီကို လူနာတစ် ယောက်က

"ဆရာ ကျွန်တော် မျက်စိရှေ့မှာ အပြောက်နှစ်ပြောက် ဝိုးတိုးဝါးတား မြင်နေရတယ်ဆရာ"

ဆရာဝန်က သေသေချာချာကြည့် ပြီး မျက်စဉ်းခတ်ပေးတယ်

"မျက်စိခဏမှိတ်ထား။ ဟုတ်ပြီ ပြန်ဖွင့်တော့။ ကဲ ... ဘယ်လိုနေသေး သလဲ"

"အဲဒီ အပြောက်နှစ်ပြောက်ကို ထင်းထင်းကြီးမြင်ရပြီဆရာ"





www.burmeseclassic.com

www.burmeseclassic.com



## ခုမှ ပရိသတ်ရတယ်

ဆရာက ညဆေးခန်းပိတ်ပြီး စန္ဒယားတီးရင်း အနားယူနေတုန်းမှာ ဖုန်းမြည်လာတယ်။


“ဟဲလို”

“ကျွန်တော်ပါဆရာ။ ဆရာ့လူနာပါ”

“ဘာဖြစ်သလဲ”

“ဆရာပေးတဲ့ဆေးတွေ သောက်တာပဲ။ ဒါပေမယ့် အိပ်မပျော်ဘူး ဖြစ်နေတယ်”

“ကောင်းပြီလေ။ ဒါဆို ခင်ဗျားဖုန်းကို ဆက်ကိုင်ထားပါ။ ကျွန်တော် စန္ဒယားတီးပြပါမယ်”







## လျော့သင့်တာပေါ့

“ဆေးဖိုးဘယ်လောက်ကျသလဲ ဆရာ”

“ငါးရာပါ”

“ကျွန်မက နှာစေးတာနဲ့ ချောင်းဆိုးတာပဲ ဖြစ်တာလေ”

“ဟုတ်ပါတယ်”

“ကျွန်မရှေ့က နှာစေးတာရော၊ ချောင်းဆိုးတာရော၊ ကိုယ်တွေလက်တွေကိုက်တာရောလည်း ငါးရာဆိုတော့ – သူကသုံးမျိုး၊ ကျွန်မက နှစ်မျိုးတည်းလေ”



## တန့်အောင်လို့

“ချောင်းတွေဆိုးနေလို့”

“ဆေးခန်းမသွားဘူးလား”

“မသွားဘူး”

“ချောင်းတွေဆိုးပြီးရင် ဖျားလာတတ်တယ်”

“ကုသခက တစ်မျိုးပဲဖြစ်ဖြစ်၊ နှစ်မျိုးပဲဖြစ်ဖြစ် အတူတူပဲလေ”



www.burmeseclassic.com

www.burmeseclassic.com



## နှမျောလို့

"ဒီဆေးက အအေးမိ၊ ကိုက်ခဲ၊ နှာစေး၊ ဖျားတာပျောက်တယ်။ ဒါလောက် နှာတွေစေးနေတာ ဘာလို့ မသောက်တာလဲ"

"သောက်တော့ သောက်ချင်သား ပဲ။ အအေးမိတာ၊ ဖျားတာ၊ ကိုက်ခဲတာ တွေအတွက် ပါတဲ့ဆေးတွေ အလဟဿ ဖြစ်မှာစိုးလို့"



## ဖျားသလားမမေးနဲ့

"ဆေးတစ်မျိုးတည်းနဲ့ ရောဂါ များများပျောက်တဲ့ဆေး ရှိသလား"

"လျက်ဆားရှိတယ်ဘာ၊ လေမျိုး ချည်း ၈၀ ပျောက်တယ်၊ လေထိုး၊ လေ အောင့်၊ လေညပ်၊ လေပူမှုတ်၊ လေနာ၊ ဧလအန်၊ လေချဉ်တက်၊ လေချုပ်၊ လေပွ . . ."





## လွယ်တယ်မှတ်လို့

"ဘာဖြစ်သလဲ"

"ချောင်းဆိုးတယ်၊ ကိုက်ခဲတယ်၊ ဗိုက်နာတယ်"

"ဗိုက်က ဘယ်နားက နာတာလဲ"

ဒီတော့ လူနာက လိုက်ပို့တဲ့ လူကို

"ပြောလိုက်လေ၊ မေးနေပြီ၊ သက်သာအောင် ပေါင်းကုကြရမယ်ဆိုရင် လည်း အစကတည်းက ပြည့်ပြည့်စုံစုံ တော့ ပြောပြမထားဘူး။ရပါတယ် ရပါ တယ်နဲ့"





www.burmeseclassic.com

www.burmeseclassic.com



## ကျေးဇူးပဲ

"ဆရာ မိုးရာသီမှာဖြစ်တတ်တဲ့ ရောဂါတွေကို ကာကွယ်တဲ့ ဆေးရှိသလား"

"ရှိပါတယ်"

"ရောဂါတွေကာကွယ်လို့ရသလို အအေးမိတာ ကာကွယ်ဖို့ရော ..."

"မိုးကာဝတ်၊ ထီးဆောင်းပေါ့ဗျာ"


"မိုးကာဖိုး၊ ထီးဖိုးမကုန်တဲ့ နည်းမရှိဘူးလား"

"မိုးရွာထဲ မထွက်နဲ့ပေါ့ဗျာ"

"ဟာ... ကြည့်စမ်း ဒါလောက် လွယ်တာလေးကို မစဉ်းစားမိတာ"



ကံချွန်စာပေတိုက်




www.burmeseclassic.com